ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ စနေနေ့၊ (13-9-2008) (၅၀၀)

ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ဖရူဆိုမြို့နယ်နှင့် ဒီမောဆိုမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၂

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အတူ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ကယား ပြည်နယ် ဖရူဆိုမြို့ ဇာတိဂုဏ်ခန်းမ၌ ဖရူဆိုတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြား ပြီး အားကစားပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များနှင့် စာရေး ကိရိယာများကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဖရူဆိုမြို့ တော်ဝင် သဇင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ လှူဒါန်းသည့် သုတ၊ ရသ စာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လွိုင်ကော်မြို့ နည်းပညာတက္ကသိုလ်၌ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက် စုံ ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ် ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး နှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား ရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင် ရေးနှင့် ပညာရည်မြင့်မားရေး

ရေလည်းပေး လျှပ်စစ်ဓာတ်အားလည်းထုတ်သည့် "မမြ"

သတင်းဆောင်းပါး၊ ဓာတ်ပုံ ခင်မောင်သန်း (စက်မှု)

ရန်ကုန် စက်တင်ဘာ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တိုးတက်စေရန် အဓိကသီးနှံများဖြစ်သော စပါး၊ ကြံ၊ ဝါနှင့် ပဲမျိုးစုံတို့ တိုးတက်စိုက်ပျိုးထုတ်လုပ်ရေးကို စီမံကိန်း များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဤသို့ဆောင်ရွက်ရာတွင် ဆည်မြောင်းစီမံကိန်း ကြီး၊ ငယ်များကို နေရာအနှံ့တွင် ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးခဲ့သည်။

ဧရာဝတီတိုင်း မြန်အောင်မြို့နယ်တွင် စိုက်ပျိုးရေနှင့် လျှပ်စစ် ဓာတ်အား ထုတ်လွှတ်ပေးနိုင်သည့် မမြရေလှောင်တမံကို ယမန် နှစ်က ဖွင့်လှစ်ပေးခဲ့သည်။ မမြရေလှောင်တမံ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ဆည်ရေဧကပေ ၇၀၀၀၀ ကို သိုလှောင်၍ မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧက ၁၀၀၀၀ ကို ရေသွင်း စိုက်ပျိုးရန်အပြင် မမြချောင်း ဝဲယာရှိ လယ်ယာမြေများ ရေကြီး နစ်မြုပ်ခြင်းမှ ကာကွယ်ရန်ဖြစ်သည်။

မမြရေလှောင်တမံကို ပိတ်ထားသော မမြချောင်းသည် ရခိုင်ရိုးမကို အခြေခံ၍ စီးဆင်းလာခဲ့ပြီး ဧရာဝတီမြစ်ထဲသို့ စီးဝင်သည်။ မမြချောင်း၏ အထက်ဘက်တွင် မမြလေးချောင်း ကလည်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

မမြ ရေလှောင်တမံ၏ ရေထိန်းမျှော်စင်ကြီးအား ခံ့ညား ထည်ဝါစွာ တွေ့ရစဉ်။

ကြေးမုံ
The Mirror

၁၃-၉-၂၀၀၈
(စနေနေ့)

ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ပြည်သူအားလုံး ညီညာဖြဖြ လက်တွဲပါဝင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံထားကြသည့် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေး ခိုင်မာတောင့်တင်းမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုတို့သည် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည်။ နိုင်ငံတော်အစိုးရက အဆိုပါ အခြေခံလိုအပ်ချက်များ တိုးတက်ကောင်းမွန်စေရေး ဖြည့်ဆည်းရင်း နိုင်ငံတော်သစ် အသွင်ကူးပြောင်းနိုင်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်။ ဖွံ့ဖြိုးမှုနည်းသည့် နိုင်ငံအချို့တွင် ပြည်တွင်းသောင်းကျန်းမှုနှင့် အကြမ်းဖက်မှုများလည်း ရှိတတ်သည်ဖြစ်ရာ ယင်းအကြောင်းတရားများကြောင့်ပင် နိုင်ငံကုန်ထုတ်လုပ်မှုစွမ်းအား ကျဆင်းပြီး စီးပွားရေးချွတ်ခြုံကျသည့် အဆိုးသံသရာ လည်ပတ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထိပါးနှောင့်ယှက်ဖျက်ဆီးလာမည့် မည်သည့် လုပ်ကြံဖန်တီးမှု၊ အကြမ်းဖက်အဖျက်လုပ်ရပ်ဟူသမျှကိုမဆို ပြည်သူအားလုံးက ဝိုင်းဝန်းတားဆီး ဖော်ထုတ်သွားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်ပေးနေသည်ကို ပြည်တွင်းပြည်ပမှ အဆိုးမြင်ဝါဒီများက လျစ်လျူရှုပြီး နိုင်ငံတည်ငြိမ်မှု ပျက်ပြားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ဖန်တီးလုပ်ဆောင်လျက်ရှိသည်။ ပြည်တွင်းရှိ အဖျက်သမားများကလည်း ဖောက်ခွဲဖျက်ဆီး အကြမ်းဖက်မှုများ ပြုလုပ်လာသည်ကို တွေ့ရသည်။

နိုင်ငံတော်တွင် ပြည်သူတို့၏ ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မိမိတို့ မျှော်မှန်းတည်ဆောက်နေသည့် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများတွင် ညီညာဖြဖြ လက်တွဲပါဝင် ကြိုးပမ်းရင်း နိုင်ငံတည်ငြိမ်အေးချမ်းသာယာမှုကို ဖျက်လိုဖျက်ဆီးလုပ်ဆောင်နေကြသော ပြည်တွင်း ပြည်ပ အကြမ်းဖက် အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို မပြတ်သောသတိဖြင့် တားဆီးဖော်ထုတ်သွားကြရမည် ဖြစ်ပါသည်။ ။

စက်တင်ဘာ ၇ ရက်က တာမွေမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းရှိ လေဘေးသင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းအကျိုးတော်ဆောင် တွဲဖက်အတွင်းရေးမှူး ဒေါ်လှလှအေး လှူဒါန်းသော ဗလာစာအုပ်၊ ကွန်ပါဘူးနှင့် ခဲတံများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေက သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်စဉ်။
(ပညာရေး)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ် လေးကျေးရွာတွင်အေဒင်ကုမ္ပဏီမှတာဝန်ယူ တည်ဆောက်လျက် ရှိသည့် အမြဲတမ်း အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထားပို့ဆောင်ရေး)

ဒေးဒရဲမြို့နယ် သံဒိတ်ကျေးရွာနှင့် လေးကျေးရွာရှိ အမြဲတမ်းအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် သံဒိတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှု၊ ဖားမားဖိုးရာဇာက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် အမြဲတမ်းအဆောက်အအုံ၌ ရွာသူ၊ ရွာသားများ နေထိုင်မှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ကျေးရွာစာသင်ကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျေးရွာရှိ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် လေးကျေးရွာ၌ အေဒင်ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် အမြဲတမ်း အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒေးဒရဲမြို့သို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အခြေခံဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အခြေခံဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်း (၁/၂၀၀၈) ကို အောက်တိုဘာလအတွင်း ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို အသက်(၃၅) နှစ်အောက် မည်သည့်ဘတ်စကက်ဘော ပြိုင်ပွဲတွင်မဆို ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသူတိုင်း တက်ရောက်နိုင်ပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများ၏ နေထိုင်စားသောက်စရိတ်များကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ အကုန်အကျခံဆောင်ရွက်ပေးမည်ဖြစ်သည်။ တက်ရောက်လိုသူများ အနေဖြင့် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၅၅၈၂၀၈၊ ၅၄၁၄၂၁၊ ၀၉၅၀၀၆၁၂၈၊ ၀၉၅၀ ၁၈၆၆၀၊ ၀၉၅၁၅၉၅၉၄ နှင့် ၂၉၇၀၈၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များ ပန်းအလှပြင်သင်တန်းမှ သရုပ်ပြပန်းအလှဆင်မှုကို ကြည့်ရှုအားပေးစဉ်။
(လူမှုဝန်ထမ်း)

ပန်းအလှပြင်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ပန်းအလှပြင်သင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်းဦးစီးဌာနရင်သွေးရတနာမူလတန်းကြိုကျောင်း ဧည့်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ဒေါ်ကြည်ကြည်ဝင်း၊ ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ဒေါ်ကျင်ခိုင်၊ ဒေါ်အေးအေး၊ ဒေါက်တာဒေါ်စန္ဒာအောင်၊ ဒေါ်နီလာသော်နှင့် အဖွဲ့ဝင်များ၊ အဖွဲ့ခွဲခေါင်းဆောင်များ၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် သင်တန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေကို လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်းမှ ကျောင်းအုပ် ဒေါ်တင်တင်အေးက ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် သင်တန်းသူများသည် ပန်းအလှပြင်သင်တန်းမှ သရုပ်ပြပန်းအလှဆင်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်္ဂလိပ်ဘာသာစကား သင်ကြားရေးဌာနနှင့် အခြေခံအင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲသို့ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၂

သာသနာရေးဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကား သင်ကြားရေးဌာနနှင့် အခြေခံအင်္ဂလိပ်စာ ကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ပိဋကတ်တိုက် သင်တန်းခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် စင်ကာပူသမ္မတနိုင်ငံ မဟာကရုဏာ ဗုဒ္ဓဘာသာအသင်း ဘာသာရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာအရှင်ကေဂုဏရတနတို့က သင်တန်းခန်းမရှေ့ ဥပစာ၌ အင်္ဂလိပ်ဘာသာစကား သင်ကြားရေးဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် စင်ကာပူသမ္မတနိုင်ငံ မဟာကရုဏာ ဗုဒ္ဓဘာသာအသင်း ဘာသာရေး အကြံပေးပုဂ္ဂိုလ် ဒေါက်တာ အရှင်ကေဂုဏရတနတို့ အင်္ဂလိပ်ဘာသာစကား သင်ကြားရေးဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံ မဟာကရုဏာ ဗုဒ္ဓဘာသာအသင်း ဘာသာရေး အကြံပေးပုဂ္ဂိုလ် ဒေါက်တာ အရှင်ကေဂုဏရတနက အင်္ဂလိပ်ဘာသာစကား သင်ကြားရေးဌာနနှင့် အခြေခံအင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်ရန် ကူညီလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စင်ကာပူသမ္မတနိုင်ငံ မဟာကရုဏာဗုဒ္ဓဘာသာအသင်းမှ အလှူရှင်များက အလှူငွေကျပ် ၇၉၄၂၀၀၀ တန်ဖိုးရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကိုပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းခန်းမနှင့် ကွန်ပျူတာခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ရဟန်းတော်များနှင့် သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလဖြစ်သည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီး အာဆီယံအသင်းအကြောင်း ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှ အာဆီယံအသင်းအကြောင်း ဟောပြောပွဲကို စက်တင်ဘာ ၉ရက် နံနက် ၉နာရီတွင် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲ၌ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးပညာဌာနမှ ကထိက ဒေါက်တာဒေါ်ဝင်းမာလှိုင်က အာဆီယံအသင်းအကြောင်း ဟောပြောခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှ အာဆီယံအသင်းအကြောင်း ဟောပြောပွဲတွင် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ကထိက ဒေါက်တာဒေါ်ဝင်းမာလှိုင် ဟောပြောစဉ်။ (သတင်းစဉ်)

ရှေးဟောင်းသုတေသန ဌာနတွင်း(အရာရှိ) မွမ်းမံသင်တန်းဆင်း

နေပြည်တော် စက်တင်ဘာ ၁၂

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဖွင့်လှစ်ခဲ့သော ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာ ဌာနတွင်း(အရာရှိ) မွမ်းမံသင်တန်း (၃/၂၀၀၈) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၈ ရက်တွင် ပြည်မြို့ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း၌ ကျင်းပရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဦးသိန်းလွင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ညွှန်ကြားရေးမှူးချုပ်က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။ (သတင်းစဉ်)

Sony Broadcast and Professional (Service Caravan 2008) ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

Sony Broadcast and Professional (Service Caravan 2008) ကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ Traders Hotel ကုန်းဘောင်တကောင်းခန်းမ၌ ကျင်းပသည်။

Professional Camera ကို ဝယ်ယူသုံးစွဲသူများအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ပုံနည်းစနစ်၊ အသိပညာနှင့် မပျက်မယွင်းစေရန် စနစ်တကျ ကိုင်တွယ်ပုံ၊ ကိုင်တွယ်နည်းတို့ကို သိရှိစေရန်၊ ချွတ်ယွင်းပျက်စီးနေသည့် စက်များကိုလည်း Broadcast and Professional Service Team မှ Service Engineers များနှင့် TMW Enterprise Ltd. မှ Service Engineers များပူးပေါင်း၍ စိစစ်ပြုပြင်ပေးခြင်းဖြင့် မိမိတို့၏ Sony Product အပေါ်တွင် ပိုမိုယုံကြည်မှုရှိစေရန် ယခုပွဲကို ကျင်းပရခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Sony Broadcast and Professional (Service Caravan 2008) တွင် တက်ရောက်လာသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် စက်တင်ဘာလအတွက်
(၁၄-၉-၂၀၀၈) ရက်နေ့နှင့်
(၂၈-၉-၂၀၀၈) ရက်နေ့

မရမ်းကုန်းမြို့နယ် အမှတ် (၈)ရပ်ကွက် အမက(၁၀) ကျောင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန အနောက်ပိုင်းခရိုင်ဦးစီးမှူး ဦးတင်မောင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများ ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်စဉ်။

(လူဝင်မှုကြီးကြပ်ရေး)

ပျားအုံသယ်ယာဉ်နှင့် အခြားယာဉ်တစ်စီးတို့တိုက်မိ

သယ်ဆောင်လာသောပျားများတုပ်ခံရသဖြင့် ခြောက်ဦးသေဆုံး

ပေကျင်း စက်တင်ဘာ ၁၁

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ပျားအုံများ သယ်ဆောင်လာသော မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ ခရီးသည်သုံးဦးပျားတုပ်ခံရသဖြင့် သေလုမြောပါးခံစားခဲ့ရပြီး ပျားများစုပြုံဝိုင်းတုပ်မှုကြောင့် အခြားသုံးဦးမှာ လမ်းမပေါ်တွင် သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းစာက ကြာသပတေးနေ့တွင် ရေးသားဖော်ပြသည်။ ၎င်းတို့သုံးဦးသည် ပျားများစုပြုံဝိုင်းတုပ်မှုကို ရှောင်ရှားရင်းဖြင့် လမ်းမပေါ်တွင် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပျားအုံများ သယ်ဆောင်လာသော မော်တော်ယာဉ်သည် စိုက်ပျိုးမွေးမြူရေး ခြံထွက်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်နှင့် ကျီလင်ပြည်နယ်ရှိ ချန်ချွန်မြို့တော်အနီး၌ စက်တင်ဘာ ၁၀ ရက်တွင် အပြင်းအထန် တိုက်မိခဲ့ပြီးနောက် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာနေရာတွင် ထောင်ပေါင်းများစွာသောပျားများ ဝိုင်းအုံပွတ်ခဲနေသည့်ကြားမှ ကယ်ဆယ်ရေးလုပ်သားများက ကာကွယ်ရေးဝတ်စုံများကို ဝတ်ဆင်ကာ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေပုံကို သတင်းများက ရိုက်ကူးပြသခဲ့သည်။

ယင်းထရပ်ကားနှစ်စီးတိုက်မိပြီးနောက် စုပြုံလာသောပျားများ၏အန္တရာယ်မှ ရှောင်ရှားရင်းဖြင့် လူသုံးဦး ပျားတုပ်ခံရကာ နာရီအနည်းငယ်အကြာတွင်ပင် သေဆုံးခဲ့ရသည်ဟု အရှေ့အာရှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး သတင်းဌာနက ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ အကြမ်းဖက်အတိုက်ခိုက်ခံရသည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပနေသည်ကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျော်ဂျီယာငြိမ်းချမ်းရေးတွင် ဥရောပခေါင်းဆောင်များ မရိုးမသားလုပ်ဆောင်နေဟု ရုရှားစွပ်စွဲ

မော်စကို စက်တင်ဘာ ၁၁

ဂျော်ဂျီယာကိစ္စနှင့် ပတ်သက်၍ ချုပ်ဆိုသောနိုင်ငံတကာအပစ်အခတ်ရပ်စဲရေး လေ့လာစောင့်ကြည့်သူများသည် ရုရှား-ဥရောပ စာချုပ်ကို ဥရောပခေါင်းဆောင်များက လိုရာဆွဲ၍ မရိုးဖြောင့်စွာ ဆောင်ရွက်နေကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဘာဂျီလက်ရော့ဗ်က ဗုဒ္ဓဟူးနေ့တွင် စွပ်စွဲလိုက်သည်။

ရိုက်တာသတင်းဌာနမှ ရရှိခဲ့သော အဆိုပါ စာချုပ်တွင် ဥရောပသမဂ္ဂသည် ဂျော်ဂျီယာပိုင်နက် နယ်မြေတစ်ခုလုံးတွင် လေ့လာစောင့်ကြည့်ရေးတပ်ဖွဲ့များ ချထားရန် အဆင်သင့်ရှိနေပြီဟု ဖော်ပြထားသည်။

သို့သော် ရုရှားနိုင်ငံ၌ ချုပ်ဆိုသော စာချုပ်တွင် အပစ်အခတ် ရပ်စဲရေး စောင့်ကြည့်သူများသည် ခွဲထွက်ရေးဒေသ တောင်အော်ဆက်တီးယားနှင့် အက်ခါဇီယာ နယ်မြေများ၏ ပြင်ပတွင်သာ ချထားရမည်ဟု ဖော်ပြပါရှိကြောင်း လက်ရော့ဗ်က ပြောကြားသည်။

ဂျော်ဂျီယာသမ္မတ မီဆေးလ်ဆာကာရှီဗလီအား ဥရောပသမဂ္ဂက မည်သည့်ကိစ္စရပ်များကို ဆောင်ရွက်မည်၊ ထို့အပြင် ရုရှားနိုင်ငံသည် မည်သည့်ကိစ္စများ ဆောင်ရွက်မည်ဆိုသည်ကို ရိုးသားစွာရှင်းပြရန်မကြိုးစားခြင်းသည် လုံးဝဥဿုံ မရိုးဖြောင့်ခြင်းပင်ဖြစ်သည်ဟု လက်ရော့ဗ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကွဲလွဲ

ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီနှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျို့စ်မန်နျူရာဘာရိုဘိုတို့သည် ဂျော်ဂျီယာမြို့တော်တွင် စာချုပ်တစ်ခု လက်မှတ်ရေးထိုးခဲ့သည်။ ထိုစာချုပ်သည် ယခင်ရက်က မော်စကိုမြို့တော်တွင် လက်မှတ်ရေးထိုးခဲ့သော စာချုပ်နှင့် ကွဲလွဲနေသည်ဟု လက်ရော့ဗ်က ပြောကြားသည်။

ကျားသူပုန် ထောက်လှမ်းရေးဌာနချုပ် သီရိလင်္ကာလေတပ် ဗုံးကြဲတိုက်ခိုက်

ကိုလံဘို စက်တင်ဘာ ၁၁

တမီးလ် မြောက်ကျားသူပုန်များက စက်တင်ဘာ ၉ ရက်တွင် သီရိလင်္ကာ တပ်ဖွဲ့များ၏ အဓိက စစ်စခန်းတစ်ခုကို လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၂၅ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

လက်တုံ့ပြန်

ထိုတိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် သီရိလင်္ကာတပ်ဖွဲ့မှ ဂျက်လေယာဉ်များက ဗုဒ္ဓဟူးနေ့တွင် ကီလီဒိုချီရှိ ကျားသူပုန်များ၏ ထောက်လှမ်းရေးဌာနချုပ်ကို ဗုံးကြဲတိုက်ခိုက်လိုက်ကြောင်း စစ်ဘက်သတင်းများက ဖော်ပြသည်။

အင်္ဂါနေ့တွင် တမီးလ်ကျားသူပုန်များနှင့် သီရိလင်္ကာတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားရာသူပုန် ၁၉ ဦး သေဆုံးသွားသည်ဟုဆိုသည်။ ထိုသေဆုံးမှုစာရင်းကိုပါ ထည့်ပေါင်းလျှင် ယခုရက်ပိုင်းအတွင်း ကျားသူပုန် သေဆုံးမှုဦးရေသည် ၃၀ အထိ ရှိသွားပြီဖြစ်သည်။

အင်္ဂါနေ့က သူပုန်များနှင့် ဖြစ်ပွားသော တိုက်ပွဲတွင် သီရိလင်္ကာတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။ ထိုနေ့က ဗာဗူနီယာအရပ်ရှိ သီရိလင်္ကာတပ်ဖွဲ့စခန်းများကို သူပုန်များက ကြည်းကြောင်းနှင့် လေကြောင်းတို့မှ စစ်ဆင်တိုက်ခိုက်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ကိုရီးယား ကုန်တင်သင်္ဘောအား ဆိုမာလီပင်လယ်ဓားပြများ ဖမ်းဆီး

ဆိုးလ် စက်တင်ဘာ ၁၁

အရှေ့အာဖရိကနိုင်ငံ ကမ်းရိုးတန်းတွင် တောင်ကိုရီးယားကုန်တင်သင်္ဘောတစ်စင်းနှင့် သင်္ဘောသားများအား ဆိုမာလီပင်လယ်ဓားပြများက ဖမ်းဆီးခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူ၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟတ်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ဖမ်းဆီးခံရသူများထဲတွင် တောင်ကိုရီးယားသင်္ဘောသား ကိုးဦးပါရှိကြောင်း၊ ကုန်တင်သင်္ဘောပေါ်တွင် လူအရေအတွက် မည်မျှပါသည်ကို အတိအကျ ပြောကြားခြင်း မရှိကြောင်း ယင်းသတင်းဌာနက ဖော်ပြသည်။

အဆိုပါသင်္ဘောသည် စက်တင်ဘာ ၁၀ ရက် ညနေ ၄ နာရီခန့်၌ ဖမ်းဆီးခံရသည်ဟု ပြောကြားသည်။

ယခင်က ဆိုမာလီကမ်းရိုးတန်းတွင် ပင်လယ်ဓားပြများက တောင်ကိုရီးယား ငါးဖမ်းသင်္ဘောကို ဖမ်းဆီးခဲ့ပြီး သင်္ဘောသားများကို ရက် ၁၀၀ ကျော် ဖမ်းဆီးထားပြီးနောက် ပြန်လွှတ်ပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကော့ကေးဆပ်ဒေသ မတည်မငြိမ်ဖြစ်အောင် အမေရိကန်က ကြိုးပမ်းဟု ချီချင်းသမ္မတ စွပ်စွဲ

ဂရော်ဇနီ(ရုရှား)စက်တင်ဘာ၁၁

ချီချင်းသမ္မတ ရန်ဇုန်ကာဒီရော့ဗ်က အမေရိကန်ပြည်ထောင်စုသည် ကော့ကေးဆပ်ဒေသကို မတည်မငြိမ်ဖြစ်ရန် ဆွပေးနေကြောင်း၊ တောင်အော်ဆက်တီးယားကို တိုက်ခိုက်ရန် ဂျော်ဂျီယာနိုင်ငံကို အားပေးခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က စွပ်စွဲပြောကြားလိုက်သည်။

ကာဒီရော့ဗ်သည် သတင်းထောက်များနှင့် ပညာရှင်များကို ဂရော်ဇနီအနီးရှိ ၎င်း၏နေအိမ်တွင် တွေ့ဆုံရာ၌ ရုရှားက ဂျော်ဂျီယာတပ်ဖွဲ့များကို ချေမှုန်းလိုက်သော စစ်ပွဲသည် ရုရှားနိုင်ငံ၏ သင့်လျော်သော တုံ့ပြန်မှုဖြစ်သည်ဟု ပြောကြားသည်။

ဂျော်ဂျီယာသမ္မတသည် အခြားသူတစ်ယောက်၏ သွေးထိုးလှုံ့ဆော်မှုအတိုင်း လိုက်နာလုပ်ဆောင်နေသည်။ လူသားမဆန်သော စစ်ပွဲကို စတင်ခဲ့သည်ဟုလည်းကောင်း၊ အမေရိကန်ပြည်ထောင်စုက ဂျော်ဂျီယာမှတစ်ဆင့် ရုရှားကို သွေးတိုးစမ်းနေသည်ဟုလည်းကောင်း ပြောကြားသွားသည်။ ထိုကိစ္စတွင် ရုရှားက ပြတ်သားစွာ တုံ့ပြန်ခဲ့သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

ထောက်ခံ

တောင်အော်ဆက်တီးယားနှင့်အက်ခါဇီယာတို့၏ ဂျော်ဂျီယာထံမှ လွတ်လပ်ရေးကြေညာခြင်းကို မော်စကိုက အသိအမှတ်ပြုခြင်းအပေါ် ၎င်းက ထောက်ခံကြောင်းလည်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကျူးဘားနိုင်ငံ အနောက်ပိုင်းသို့ အိုက်စ်ဟာရီကိန်းမုန်တိုင်း တိုက်ခတ်သွားပြီးနောက် ရေလွှမ်းမိုးလျက်ရှိသော ပီနာဒယ်လ်ရီယိုဒေသကို စက်တင်ဘာ ၁၁ ရက်က တွေ့ရ စဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်နှင့် ပြင်သစ်နိုင်ငံ ဆက်သွယ်ထားသည့် ရေလက်ကြား ဥမင်ရထားလမ်းအတွင်း မီးလောင်မှု ဖြစ်ပွားပြီးနောက် အချိန်နောက်ကျမှ ပါရီမြို့သို့ ဆိုက်ရောက်လာသော ယူရိုစတား လူစီးရထားကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးစစ်ဘက်ရဟတ်ယာဉ်ပျက်ကျ၊ နှစ်ဦးသေဆုံး

ဂျေရုဆလင် စက်တင်ဘာ ၁၁

အစ္စရေးနိုင်ငံ မြောက်ပိုင်းတွင် စက်တင်ဘာ ၁၀ရက်က ကိုဘရာအမျိုးအစား တိုက်ခိုက်ရေး ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျရာ အစ္စရေးလေယာဉ်မှူးနှစ်ဦး သေဆုံးကြောင်း စစ်ဘက်က ပြောကြားသည်။

ယခုကဲ့သို့ ရဟတ်ယာဉ်ပျက်ကျရသည့်အဖြစ်မျိုးသည် ယခင်ကလည်း လေတပ်တွင် ကြုံဖူးသည့်ကိစ္စဖြစ်သည်။ ယခုရဟတ်ယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို စက်ပိုင်းဆိုင်ရာရှုထောင့်မှလည်းကောင်း၊ အခြားသောရှုထောင့်စုံမှလည်းကောင်း သုံးသပ်လေ့လာလျက်ရှိသည်ဟု ဆိုသည်။

အဆိုပါရဟတ်ယာဉ်သည် ဂျော်ဒန်နိုင်ငံနယ်စပ်မှ ၂၈ ကီလိုမီတာခန့်အကွာရှိ အစ္စရေးနိုင်ငံ အဖူလာမြို့အနီး၌ ပျက်ကျခြင်းဖြစ်သည်။ ပျက်ကျမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေစဉ်အတွင်း လေတပ်၌ အသုံးပြုသော ကိုဘရာအမျိုးအစား ရဟတ်ယာဉ်အားလုံးကို ပျံသန်းမှု ဆိုင်းငံ့ထားမည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အဗီရာဟုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အသေခံဗုံး ပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗုံးပေါက်ကွဲမှုကြောင့် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၁၁

အာဖဂန်နစ္စတန်နိုင်ငံတွင် ဆက်သွယ်ရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် မရိန်းတပ်ဖွဲ့မှ ဗိုလ်ကြီးတစ်ဦးသည် စက်တင်ဘာ ၉ ရက်တွင် သေဆုံးခဲ့ရကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်သတင်းက ဖော်ပြသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဂျက်စီမယ်လ်တွန် ဆိုသူသည် အာဖဂန်နစ္စတန် အမျိုးသားတပ်မတော်မှ တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးနေသည့် ထောက်ပံ့ရေးတပ်ဖွဲ့တစ်ဖွဲ့နှင့်အတူ တာဝန်ထမ်းဆောင်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ၎င်းနှင့်အတူ အမေရိကန်ရေတပ်မှ တပ်ဖွဲ့ဝင် တစ်ဦးနှင့် အာဖဂန်စကားပြန်တစ်ဦးတို့လည်း သေဆုံးခဲ့ရကြောင်း မယ်လ်တွန်၏မိခင်ဖြစ်သူ ဂျာနီစ်ချင့်နိက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား၊ အီရတ်ပြည်သူ သုံးဦးသေဆုံး ၁၅ ဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၂

အီရတ်နိုင်ငံ ကဘာလာမြို့ ရှီးယိုက်ဘာသာရေးအဆောက်အအုံအနီး ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခြင်းကြောင့် အနည်းဆုံး သုံးဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိကြောင်း အီရတ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပထမဗုံးသည် အီရတ်လုံခြုံရေးတပ်ဖွဲ့များ စစ်ဆေးရေးဂိတ်မှ ၂၀၈ကိုက်ခန့်နှင့် အီမန်ဟူစိန် ဘာသာရေးအဆောက်အအုံမှ ၈၇၅ကိုက်ခန့်အကွာတွင် ပေါက်ကွဲမှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိသည်။

အီမန်အက်ဘေ့ဘာသာရေး အဆောက်အအုံမှ ၅၄၇ ကိုက်ခန့်အကွာ ပထမဗုံးပေါက်ကွဲပြီး တစ်နာရီခန့်အကြာတွင် ကားအတွင်းရှိ ဒုတိယဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း စီအင်န်အင်န်သတင်းဌာန တာဝန်ရှိသူက ပြောကြားသည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ ၄၁၅၅ ဦး ရှိပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၁၁

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ အရေအတွက်သည် ၂၀၀၃ခုနှစ် မတ်လမှ စတင်ရေတွက်သော် အနည်းဆုံး ၄၁၅၅ ဦး ရှိပြီဖြစ်ကြောင်း အေပီသတင်းဌာန ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအရေအတွက်တွင် စစ်ဘက်၌ တာဝန်ထမ်းဆောင်နေသော အရပ်ဘက်ဝန်ထမ်း ရှစ်ဦးလည်း ပါဝင်သည်။ တိုက်ပွဲများအတွင်းနှင့် ဗုံးခွဲတိုက်ခိုက်ခြင်းများကြောင့် သေဆုံးသူဦးရေမှာ စစ်ဘက်မှရသော ကိန်းဂဏန်းများအရ ၃၃၇၇ဦးရှိသည်။

ဗြိတိသျှတပ်ဖွဲ့မှ ၁၇၆ဦး၊ အီတလီမှ ၃၃ဦး၊ ယူကရိန်းမှ ၁၈ ဦး၊ ပိုလန်မှ ၂၁ဦး၊ ဘူလ်ဂေးရီးယားမှ ၁၃ဦး၊ စပိန်မှ ၁၁ဦး၊ ဒိန်းမတ်မှခုနစ်ဦး၊ အယ်လ်ဆာဗေးဒိုးမှ ငါးဦး၊ စလိုဗက်ကီးယားမှ လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာမှ သုံးဦးစီ၊ အက်စ်တိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားမှ နှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားမှ တစ်ဦးစီတို့သည် အီရတ်တွင် ကျဆုံးခဲ့ပြီဖြစ်သည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၁၁

အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သားနှစ်ဦး သေဆုံးပြီး ၂၀၀၈ခုနှစ်သည် အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုအများဆုံးနှစ် ဖြစ်လာသည်။

သေဆုံး

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) ဦးဆောင်သောတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသည် စစ်သွေးကြွများက စစ်စခန်းသို့ လာရောက်တိုက်ခိုက်ကြသောကြောင့် သေဆုံးသွားသည်ဟု နေတိုးတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ဒုတိယတပ်ဖွဲ့ဝင်တစ်ဦးမှာ စစ်သွေးကြွများနှင့်ရင်ဆိုင်တိုက်ပွဲတွင် ကျဆုံးသွားခြင်းဖြစ်သည်ဟု နေတိုးတပ်ဖွဲ့က ပြောကြားသည်။ အသေးစိတ်ကိုမူ ထုတ်ဖော်ပြောဆိုခြင်းမပြုပေ။ အနောက်နိုင်ငံ စစ်ဘက်အရာရှိကြီးတစ်ဦးက အဆိုပါ သေဆုံးသူနှစ်ဦးသည် အမေရိကန်များဖြစ်သည်ဟု ဆိုသည်။ **အင်တာနက်။**

အီရတ်နိုင်ငံ ဘာဘိုင်းပြည်နယ်တွင် ကာလဝမ်းရောဂါကူးစက်၍ ရှစ်ဦးသေဆုံး

ဟေလ်လာ(အီရတ်)စက်တင်ဘာ၁၁

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တောင်ပိုင်း ဘာဘိုင်းပြည်နယ်တွင် သုံးရက်အတွင်း၌ ကာလဝမ်းရောဂါဖြင့် ရှစ်ဦး သေဆုံးခဲ့ပြီးနောက် အီရတ်အာဏာပိုင်များက ဒေသအတွင်း အရေးပေါ်အခြေအနေကို စက်တင်ဘာ ၇ ရက်တွင် ကြေညာခဲ့သည်။

ထို့ပြင် နောက်ထပ်လူပေါင်း ၅၀၀ ခန့်လည်းကာလဝမ်းရောဂါကူးစက်ခံနေရပြီဟု သံသယရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

ကာလဝမ်းရောဂါဖြစ်ပွားနေသည့် ၂၀ ခန့်မှာ ရုတ်တရက် ဝမ်းလျှောပြီး သေနိုင်ကြောင်း အတည်ပြုခဲ့ပြီး အရာရှိများက သတင်းစာရှင်းလင်းပွဲတွင် အရေးပေါ် အခြေအနေကို ကြေညာခဲ့ကြောင်း သိရှိရသည်။ အီရတ်နိုင်ငံတွင်ပူပြင်းခြောက်သွေ့သော နွေရာသီ၌ သောက်သုံးရန် ရေကောင်းရေသန့် ရှားပါးသောကြောင့် ကာလဝမ်းရောဂါဖြစ်ပွားရခြင်းဖြစ်သည်ဟုဆိုသည်။ ပြီးခဲ့သောနှစ်က အီရတ်နိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားသည့် လူပေါင်း ၄၀၀၀ ကျော်ရှိပြီး အနည်းဆုံး ၂၄ ဦးခန့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ကဘာလာမြို့တွင် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့မြင်ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် ဒဏ်ရာရရှိသောလူနာတစ်ဦး ဆေးရုံတွင် တက်ရောက်ကုသနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စိတ်ကျရောဂါခံစားနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား အီရတ်သို့ ဒုတိယအကြိမ် တာဝန်ထမ်းဆောင်ရန် စေလွှတ်ခံရ

အိစ်ဘရန်ဆွစ်ခ်(အမေရိကန်) စက်တင်ဘာ ၁၁

အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တို့ ဆင်နွှဲခဲ့သည့် စစ်ပွဲများကြောင့် လူအများ သေကျေပျက်စီးခဲ့ရသည့် ဖြစ်စဉ်များအနက် တပ်ကြပ်ကြီးကိုလီမင်န်အက်စ်ဘင်န်သည်လည်း တစ်ဦးပါဝင်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် (၂၅) နှစ်အရွယ်ရှိ ဘင်န်သည် အီရတ်တွင် ဒုတိယအကြိမ် တာဝန်ထမ်းဆောင်ရန် စေလွှတ်ခံခဲ့ရသည်။ ၎င်းသည် အမေရိကန်တို့ အီရတ်စစ်ပွဲစတင်ဆင်နွှဲချိန်မှာပင် အမှတ် (၁၇၃) လေထီးတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးအဖြစ် အီရတ်နိုင်ငံမြောက်ပိုင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် တာဝန်ပြီးဆုံး၍ နေအိမ်သို့ ပြန်လည်ရောက်ရှိပြီးနောက် စိတ်ကျရောဂါကို ခံစားခဲ့ရသည်။ အဆိုပါ ရောဂါကို ခံစားနေရသော်လည်း မေလအတွင်းက ၎င်းအား အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ရန် ဒုတိယအကြိမ် စေလွှတ်ခြင်းခံရပြန်သည်။ နောက်ထပ်လည်း တတိယအကြိမ် အဖြစ်စေလွှတ်မည့် အလားအလာရှိသေးကြောင်း သိရှိရသည်။

၎င်းသည် စနေနေ့ညတွင် ကားမတော်တဆမှုတစ်ခုကြောင့် ဆေးရုံတက်၍ ကုသခံနေရရာမှ တောင်ပိုင်းမြစ်အနီးရှိ ၎င်း၏အိမ်သို့ ပြန်လာကာ ၎င်းတာဝန်ချထားခံရမည့်ကိစ္စအား ဇနီးသည်ကို ပြောပြခဲ့သည်။

ဘင်န်သည် စစ်ကိုအကြောင်းပြု၍ အခြားသောနည်းလမ်းဖြင့် သေဆုံးရသူတစ်ဦးဖြစ်ပြီး ၎င်းတွင် စိတ်ကျရောဂါခံစားနေရပါလျက် စစ်ပွဲတွင် တာဝန်ထမ်းဆောင်ရန် ထပ်မံစေလွှတ်ခံရခြင်းအပေါ် များစွာအံ့ဩမိကြောင်း ဘင်န်၏ဖခင်ဖြစ်သူ ဂရီရီရီဘင်န်က ထုတ်ဖော်ပြောကြားသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံက အာကာသတွင် လမ်းလျှောက်မည့်အစီအစဉ်ကို အဆင်ပြေစေရန် ရှန်ကျိုး-၇ အာကာသယာဉ် လွှတ်ချိန်ကို ပြင်ဆင်

ပေကျင်း စက်တင်ဘာ ၁၁

အာကာသတွင် လမ်းလျှောက်မည့် အစီအစဉ်ကို ပိုမိုအဆင်ပြေစေရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၏ တတိယမြောက် လူလိုက်ပါမည့် အာကာသယာဉ်လွှတ်တင်ရေးစီမံချက်အား တစ်လကြာအချိန်ယူ၍ အကောင်းဆုံးဖြစ်စေရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း အာကာသပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။ ပြောင်းလဲလိုက်သော အစီအစဉ်ကြောင့် ယာဉ်လွှတ်တင်ရေးကိစ္စကို တစ်လစောစော၍ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရှန်ကျိုး-၇ အမည်ရှိသည့် အာကာသယာဉ်သည် ကန်စုပြည်နယ်ရှိ ကျူကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ အောက်တိုဘာလကုန်ပိုင်းတွင် လွှတ်တင်ရန် မူလက စီမံထားသည်။ သို့ရာတွင် ယင်းအာကာသယာဉ်အား စက်တင်ဘာ ၂၅ ရက်နှင့် ၃၀ ရက်အကြားတွင် လွှတ်တင်မည်ဟု ပစ်လွှတ်ရေးအစီအစဉ်ကို ပြင်ဆင်သတ်မှတ်လိုက်သည်။

လွှတ်တင်ရေးအစီအစဉ်ကို ပြောင်းလဲသတ်မှတ်လိုက်သည့်အတွက် အာကာသယာဉ်မှူးသည် နေ့အလင်းရောက်ရှိချိန်တွင် အာကာသတွင်း၌ လမ်းလျှောက်နိုင်မည်ဖြစ်သည့်အပြင် ကမ္ဘာမြေသို့ပြန်ဆင်းရာ၌လည်း ညအချိန်တွင် မဆင်းရဘဲ အလင်းရောင်ရချိန်၌ပင် ဆင်းသက်ရမည့်အခွင့်အလမ်းကို ရရှိမည်ဖြစ်ကြောင်း ပေကျင်းညနေခင်း သတင်းစာက ဖော်ပြသည်။ ***အင်တာနက်။***

ကန်ရာသီတော်သလင်း

တင်ထွန်း (အစိုးရတိုင်းရင်းဆေး)

တော်သလင်းလသည် မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ဆဌမမြောက်လဖြစ်ပါသည်။ ထိုလကို နက္ခတ်ဗေဒင် အခေါ်အဝေါ်အားဖြင့် ကန်ရာသီဟုခေါ်ပြီး ကောင်းကင်ပြင်တွင် လပြည့်ဝန်းသည် ပြုဗ္ဗဘဒြပိုဒ်နက္ခတ်နှင့် ယှဉ်ပြိုင်မွန်းတည့်၏။ ရာသီပန်းများအနေဖြင့် အင်ကြင်းပန်းနှင့် ယင်းမာပန်းတို့ပွင့်ကြပြီး ပန်းလှုသဘင်ဟုခေါ်ကြသော လှေပြိုင်ပွဲနှင့် သစ်ဆင်းပွဲတို့ကို ရာသီပွဲအဖြစ် ကျင်းပလေ့ရှိကြ၏။ နေ့တာအနည်းငယ်ရှည်၍ ညတာတို၏။ ဤသည်ကိုအကြောင်းပြုလျက် ဆည်သည်ရွာစား ဦးအောင်ကြီးက "... သာစွလေ၊ မြစ်ရေကမ်းပြည့်၊ ထန်းလည်းမှည့်၍၊ စည့်စည့်မိုးလ၊ ဘဒြနှင့်၊ ပြည့်ပအညီ၊ ကန်ရာသီဟု၊ အာနီမြခိုင်၊ ယင်းမာလှိုင်က၊ မွှေးကြိုင်နံ့ရှင်း၊ တော်သလင်းကား၊ မြစ်တွင်းရတု၊ ပန်းလှုသဘင်၊ သစ်ဆင်းယင်လျက်. . ." စသည်ဖြင့် ဖွဲ့ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဤ. . . တော်သလင်းလ၌ "တော်သလင်း၊ မြစ်တွင်းသင်ဖြူးခင်း" ဟူသောအဆိုနှင့်အညီ ရေစီးအဟုန်၊ မညံ့မပြင်း၊ မြစ်တွင်းသာသည့်အတွက် သစ်ဖောင်ဝါးဖောင်များ စုန်ဆင်းလေ့ရှိခြင်းကြောင့် တော်သလင်းလကို ရှေးအခါက "သစ်ဆင်းလ"ဟု ခေါ်ဝေါ်ကြပါသည်။ ဝေါဟာရ လီနတ္ထဒီပနီကျမ်းပြုဆရာ လေ့သင်းအတွင်းဝန်၏ ဆရာအရင်းဖြစ်တော်မူသည့် မုံရွေးဇေတဝန်ဆရာတော်ကြီးက သမန္တစက္ခုဒီပနီ (ပထမအုပ်)တွင် သစ်ဆင်းလဆိုသည်မှာ တော်သလင်းလကို ဆိုလိုသည်ဟု ရေးသားထားခဲ့ပါသည်။

အဆိုပါ "သစ်ဆင်း"ဟူသော စကားရပ်အသုံးအနှုန်းနှင့် စပ်လျဉ်း၍ ရှေးဦးစွာ တွေ့ရှိရသောကဗျာမှာ သက္ကရာဇ် ၈၈၉ ခုနှစ်ခန့်က ရှင်အဂ္ဂသမာဓိ စပ်ဆိုခဲ့သည့် "သုဝဏ္ဏလျှံသေဒွေးခန်း" ပျို့ကဗျာဖြစ်ပြီး ယင်းပျို့တွင် "... အခါအခါ မင်္ဂလာဖြင့်၊ တကာလူဗိုလ်၊ လွန်ကြည်ညို၍၊ ဝါဆိုဝါခေါင်၊ ယဉ်ဘောင်သစ်ဆင်း၊ တော်သလင်းနှင့်၊ သီတင်းကျွတ်သော်. . ."ဟု ဖွဲ့ဆိုထားသည်။ ဒုတိယတွေ့ရှိရသောကဗျာမှာ သက္ကရာဇ် ၉၃၁ ခုနှစ်ခန့်တွင် စပ်ဆိုခဲ့သည်ဟု ယူဆရသည့် ရာဇဗာဟုဆို မင်းရဲကျော်စွာ စုန်ချောင်းဖြစ်ပြီး ထိုချောင်းတွင် "... ချောင်းသစ်တွင်မူ၊ သဘင်၊ ပန်းလှု၊ခါရတုဖြင့်၊ ပျော်မူစံခင်း၊ တော်သလင်းတုံ၊ သစ်ဆင်းအခါ၊ ပျော်ဖွယ်သာတည့်၊ ဗိုလ်ပါတွေဖြိုး၊ သဘင်ကြီး၌၊ မည်ည်းရှုရာ. . ." ဟု စပ်ဆိုခဲ့ကြောင်း တွေ့ရှိရပေသည်။

ရက်မြတ်ချိန်ခါ ဝါတွင်းသုံးလတွင် အကျုံးဝင်သည့် ဤတော်သလင်းလ၏ လပြည့်နေ့သည် လူ့ရေးတန်းရေး ဥပုသ်သီတင်း ဆောက်တည်ရေးတို့ဖြင့် ဘုရားကျောင်းကန်၊ ဇရပ်များတွင် စည်ကားသိုက်မြိုက်လျက်ရှိသည့် "ဂရုဓမ္မအခါတော်နေ့" ဖြစ်ပါသည်။

"ဂရုဓမ္မ"ဆိုသည်ကား မြတ်စွာဘုရား၏ တရားတော်များကို အလေးအမြတ်ပြုရာ ဖြစ်သည်။ အဓိက အလေးအမြတ်ပြုရမည့် တရားကား ငါးပါးသီလပင် ဖြစ်ပါသည်။ "သူ့အသက်ကိုမသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးခြင်း၊ သူ့အိမ်ရာကို မပြစ်မှားခြင်း၊ မဟုတ်မမှန်သောစကားကို မဆိုခြင်း၊ သေရည်သေရက်ကိုမသောက်ခြင်း"တည်းဟူသော ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့ စောင့်ထိန်းကြသော တရားဖြစ်သည်။

မြတ်စွာဘုရားသည် ငါးရာ့ငါးဆယ်တိကနိပါတ် "ကုရုဓမ္မဇာတ်တော်"၌ ကုရုဓမ္မသီလအကြောင်း ဟောကြားတော်မူခဲ့သည်။

ရှေးလွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့၌ ဓနဥ္စယကောရဗျမင်းကြီး မင်းပြုသောအခါ ဘုရားအလောင်းတော်သည် ဓနဥ္စယကောရဗျမင်း၏ မိဖုရားကြီးဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်ကာ ဖွားမြင်လာခဲ့သည်။ အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ယူပြီး ပြန်လည်ရောက်ရှိသောအခါ အိမ်ရှေ့မင်း ဖြစ်လာသည်။ ခမည်းတော်ဘုရင်ကြီး ကွယ်လွန်၍ မင်းအဖြစ်သို့ ရောက်သောအခါ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်၍ ပြည်သူပြည်သားတို့အား ကုရုဓမ္မခေါ် ကုရုတိုင်းသားများ ကျင့်သုံးအပ်သော ငါးပါးသီလကို ကျင့်သုံး ဆောက်တည်စေသည်။ အလှူမဏ္ဍာပ်ကြီးများထိုးကာ နေ့စဉ်နေ့တိုင်း အလှူဒါနပြုလုပ်ကြသည်။ ဗုဒ္ဓဘုရားရှင်က တိုင်းသူပြည်သားတို့၏ သီလတန်ခိုးကြောင့် ကုရုတိုင်းတွင် မိုးလေဝသရာသီဥတုမှန်ပြီး အေးချမ်းသာယာစွာ နေထိုင်ကြရသည့်အကြောင်း ဟောကြားညွှန်ပြတော်မူခဲ့သည်။

သီလရှိသူများအနေဖြင့် ရရှိမည့်အကျိုးတရားငါးပါးမှာ စည်းစိမ်ဥစ္စာ ရရှိခြင်း၊ ကောင်းမွန်သောသတင်း ပျံ့နှံ့မှုရခြင်း၊ ပရိသတ်တို့မရွံ့မကြောက် ချစ်ခင်ခြင်း၊ မတွေဝေဘဲသေရခြင်း၊ သေလွန်သည့်အခါ နတ်ပြည်သို့ ရောက်ရှိခြင်းတို့ ဖြစ်ပါသည်။

သီလကို အခြေပြုထားသည့် ဤဂရုဓမ္မအခါတော်နေ့သည် ဝါတွင်းကာလဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် မည်သို့နေထိုင်ကျင့်ကြံ အားထုတ်လုပ်ကိုင် ဆောင်ရွက်နေရမည်ကို အစဉ်အမြဲ ဆင်ခြင် နှလုံးသွင်းလျက် နေကြရမည် ဖြစ်ပေသည်။ သို့မှသာလျှင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု မင်္ဂလာတရားတော်နှင့် ကိုက်ညီပေလိမ့်မည်။

တော်သလင်းလကား ရာသီဥတုသာယာကြည်လင်၍ မြစ်ပြင်တွင် လှိုင်းလေငြိမ်သက်ကာ ရေသင်ဖြူးခင်းထားဘိသကဲ့သို့ သာယာငြိမ်သက်သောရေပြင်တွင်ရှေးမြန်မာဘုရင်တို့သည် လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ကြသည်။ လှေပြိုင်ပွဲသဘင်ကို ပန်းလှုသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲစသည်ဖြင့် အမည်အမျိုးမျိုး ခေါ်ဝေါ်ကြသည်။ ယင်းလှေပွဲသဘင်ကို ဘုရင်နှင့်တကွ လှော်ကားမှူးကြီးများ ကြပ်မတ်၍ ခင်းကျင်းလေ့ရှိကြပါသည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဗိုလ်ပါ၊ မှူးမတ်များခြံရံလျက် "ပြည်ကြီးမွန်"မည်သော ဘုရင့်ရွှေလှေတော်ကြီးပေါ်မှနေ၍ လေညင်းခံကာ လှေပွဲသဘင်ကို ရှုစားတော်မူလေ့ရှိ၏။

"ပြည်ကြီးမွန်လှေ"ဆိုသည်မှာ မြန်မာမင်းကို တစ်ရာသော မင်းတို့ ဦးညွတ်ဟန် ဦးမှပဲ့အထိ၊ လက်ဝဲ လက်ယာ အရုပ်ငါးဆယ်စီကို ထုလုပ်တန်ဆာဆင်ထားသည့် ဘုရင့်ရွှေလှေတော်ဖြစ်သည်။ ဘုရင်ကိုယ်တိုင် ထွက်ကြွရှုစားတော်မူသည့်အတွက် ဤလှေပွဲသဘင်သည် အလွန်ကြီးကျယ်စည်ကားလှပေသည်။ လှေပြိုင်ပွဲသဘင်ကို တော်သလင်းလဆန်း ၈ ရက်နေ့၊ လပြည့်နေ့၊ လပြည့်ကျော် ၈ ရက်နေ့၊ လကွယ်နေ့ စသည့်နေ့ရက်များ၌ ကျင်းပလေ့ရှိသည်။ ထိုပြိုင်ပွဲတွင် လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းလှေတော်၊ ရဲလှေ စသည်တို့ကို အမျိုးအစားအလိုက် ပြိုင်ဆိုင်စေသည်။ လှေပြိုင်ပွဲပြီးလျှင် ဘုရင့်ရေတပ်မတော်မှ လှေခွင်လှေကွင်း ပြုလုပ်ပြီး မင်းစီးလှေ လှော်ကားတော်ကို ရှေ့ဆုံးတွင်ထားရှိလျက် နောက်ပိုင်းတွင် ရာထူးရာခံအလိုက် အရာရှိလှေတော်များလိုက်ပါ၍ လှေတပ်ကြီးဖွဲ့ကာ မြူးကြွသော တူရိယာသံများနှင့်အတူ လှေချင်းသံ၊ လှေတော်သံများ သီဆိုကာ တက်ရေး ၃၇ပါးအလိုက် အစုန်အဆန် သိုက်မြိုက်စွာ လှော်ခတ်ကြသည်မှာ မြစ်ပြင်တစ်ပြင်လုံး ပွဲတင်သံများဖုံးလွှမ်းလျက်ရှိသည်ဟု စာဆိုရှိပေသည်။

အမှန်စင်စစ် ရှေးမြန်မာမင်းတို့ ကျင်းပသည့် လှေပြိုင်ပွဲသဘင်ကား ပျော်ပွဲသက်သက်မဟုတ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်သည့် (ဝါ) ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေသော ပွဲတော်ဖြစ်ပေသည်။

လှေပွဲသဘင်နှင့်ပတ်သက်၍ ရာဇဝင်မှတ်တမ်းတစ်ခုကို တင်ပြရမည်ဆိုပါက မြန်မာသက္ကရာဇ် ၁၁၈၅ ခု နယုန်လပြည့်ကျော် ၁၁ ရက်နေ့က ရတနာပူရ၊ ရွှေအင်းဝ၊ နေပြည်တော်၌ ဘကြီးတော်ဘုရားထံသို့ တရုတ်ပြည်မှ သံတမန်များ ရောက်ရှိလာရာ ကောင်းမွန်စွာ ဧည့်ခံပြုစုကြစဉ် ၎င်းတရုတ်သံများက မြန်မာတို့၏ လှေပွဲသဘင်ကို ရှုမြင်လိုကြသဖြင့် ဘကြီးတော်ဘုရားက ဆိုင်ရာတို့အား ဆင့်ဆိုစေပြီး တရုတ်သံတို့အား လှေပွဲသဘင်ကို ရှုမြင်စေတော်မူခဲ့သည်။ လှေပွဲသဘင်ကြီးကို ကျင်းပပုံနှင့် လှေတော်များ ပါဝင်ယှဉ်ပြိုင်ကြပုံတို့ကို ပညာရှိအမတ်ကြီး ဒုတိယနဝဒေးက "တရုတ်သံရောက်မော်ကွန်း"၌ မှတ်တမ်းတင်ထားခဲ့သည်။

မိုးလေငြိမ်သက်ပြီး လယ်ယာလုပ်ငန်းခွင်ဝယ် တောင်သူလယ်သမားတို့အဖို့ ထွန်တုံးပိတ်၍ ခေတ္တအနားယူချိန်ဖြစ်သည့် ဤတော်သလင်းလတွင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ဒေသများ၌ ဝါတွင်းကာလဓလေ့ထုံးစံနှင့်အညီ အဖိတ်နေ့မှစတင်ပြီး ရပ်ကွက်၊ ကျေးရွာများရှိ ဓမ္မာရုံ အသီးသီးတွင် ဝတ်အသင်းအဖွဲ့သူ၊ အဖွဲ့သားများက အတီး၊ အမှုတ်၊ အဆို၊ အကများဖြင့် အလှူခံ ထွက်ကြပါသည်။ ထို့ပြင် အဆိုပါဓမ္မာရုံများတွင် ဓမ္မစကြာအသင်းအဖွဲ့များ၊ ဝတ်ရွတ်အဖွဲ့များက ဘုရားဂုဏ်တော်များ၊ ဓမ္မစကြာတရားတော်များ၊ ပဌာန်းဒေသနာတော်များ၊ ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ဝါတွင်းကာလ အကျုံးဝင်သော ဤတော်သလင်းလ၌ သူတော်စင်တို့၏ ကျင့်စဉ်ဖြစ်သည့် ပါရမီ ၁၀ ပါးတွင် တစ်ပါးဖြစ်သည့် သီလပါရမီတွင် ပါဝင်သော ရှောင်ကြဉ်ရန်တားမြစ်သည့် ဝါရိတ္တသီလ(ဝါ) ဂရုဓမ္မသီလတည်းဟူသော ငါးပါးသီလကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သီလကို အခြေပြုထားသည့် ဤဂရုဓမ္မအခါတော်နေ့သည် ဝါတွင်းကာလဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် မည်သို့နေထိုင် ကျင့်ကြံအားထုတ် လုပ်ကိုင်ဆောင်ရွက်နေရမည်ကို အစဉ်အမြဲ ဆင်ခြင် နှလုံးသွင်းလျက်နေကြရမည် ဖြစ်ပေသည်။ သို့မှသာလျှင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု မင်္ဂလာ တရားတော်နှင့် ကိုက်ညီပေလိမ့်မည်။

စားသောက်ဆိုင်လုပ်ငန်းတွင် အသုံးပြုသော ရုပ်မြင်သံကြားဥပဒေ ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင် လုပ်ငန်းများတွင် အသုံးပြုပြသနေကြသော ရုပ်မြင်သံကြားဥပဒေ ရှင်းလင်းပွဲကို စက်တင်ဘာ ၁၁ရက် မွန်းလွဲ ၁နာရီက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ရုပ်မြင်သံကြားဥပဒေနှင့်ပတ်သက်၍ သိရှိထားသင့်သည့် အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးလှချိုက စည်းကမ်းချက်များ၊ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့မှ ဦးသန်းဇော်ဌေးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကြောင်း သိရသည်။ (ဝ၄)

အရည်အသွေးထိန်းချုပ်ခြင်း သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၂

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သောအရည်အသွေးထိန်းချုပ်ခြင်းသင်တန်း အမှတ်စဉ် ၁၁ သင်တန်းဆင်းပွဲ အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း) သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဌာန၌ စက်တင်ဘာ ၉ရက်က ကျင်းပသည်။

အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ ကျောင်းအုပ်ကြီးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိန်လွင်က အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ဂုဏ်ထူးဆောင် သင်တန်းကျောင်းအုပ်ကြီး ဦးကောင်းရင်က သင်တန်းဖွင့်လှစ် ပို့ချရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌက သင်တန်းဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ကာ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေလေဆိပ် လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြစဉ်။

(ပို့ဆောင်ရေး)

ရခိုင်ပြည်နယ် အမ်းလေဆိပ်နှင့် စစ်တွေလေဆိပ် တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၆ ရက်တွင် ရခိုင်ပြည်နယ် အမ်းမြို့လေယာဉ်ကွင်း၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ပြေးလမ်း ကွန်ကရစ်ခင်းခြင်း၊ လေဆိပ်အဆောက်အအုံမြေနေရာ၊ လေကြောင်းလမ်းညွှန်စက် အဆောက်အအုံဆောက်လုပ်ခြင်း၊ လေယာဉ်ချဉ်းကပ်လမ်းအတွင်း မလွတ်ကင်းသည့်တောင်ဖြိုခြင်း၊ လေကြောင်းထိန်းမျှော်စင် တည်ဆောက်ခြင်း၊ လေယာဉ်ပြေးလမ်းအချက်ပြ လျှပ်စစ်မီးတပ်ဆင်ခြင်း၊ လေဆိပ်ခြံစည်းရိုးကာရံခြင်း ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး တည်ဆောက်ပြီးစီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးတို့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ လေဆိပ်ရှင်းလင်းဆောင်၌လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့၌ နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေ၊ လေယာဉ်ပြေးလမ်း ဘေးနှစ်ဖက် အချက်ပြ လျှပ်စစ်မီးများတပ်ဆင်ခြင်း၊ ပြေးလမ်းဝဲ၊ ယာ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ ပြေးလမ်းနယ်နိမိတ်အတွင်း ဖို့မြေ၊ ဖြတ်မြေလုပ်ငန်းဆောင်ရွက်ခြင်းနှင့်လေယာဉ်ကွင်းပတ်လည် ခြံစည်းရိုးကာရံခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကျန်ရှိလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားပြီး လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို လိုက်လံကြည့်ရှု စစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း လမ်းဖွင့်ပွဲတွင် ရပ်မိ ရပ်ဖများနှင့် လမ်းနေပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (၁၉)

ရွှေရတုသဘင် အခမ်းအနားကျင်းပရေး စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၂

၁၉၅၈ ခုနှစ်မှစ၍ တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ခဲ့သော မန္တလေးတက္ကသိုလ် နှစ် (၅၀) ပြည့် အထိမ်းအမှတ် ရွှေရတုသဘင် အခမ်းအနားကျင်းပရေးအစည်းအဝေးကို စက်တင်ဘာ၁၀ရက်မွန်းလွဲ၂နာရီတွင် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ပါမောက္ခချုပ်များ ဖြစ်ကြသော ဒေါက်တာမြအေး၊ ဦးမောင်မောင်ခင်၊ ဦးပိုမြင့်နှင့် အငြိမ်းစား ပါမောက္ခချုပ်များ၊ အငြိမ်းစားပါမောက္ခများ၊ မန္တလေးတက္ကသိုလ်မှ ပါမောက္ခဌာနမှူးများ၊ လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြအေးက အမှာစကားပြောကြား၍ ဘဏ္ဍာငွေရှာဖွေရေးကော်မတီ၊ ဖိတ်ကြားရေးကော်မတီ၊ ဧည့်ခံကြိုဆိုရေးကော်မတီနှင့် ပြန်ကြားရေးကော်မတီများမှ ကော်မတီအလိုက် လက်ရှိလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို အသီးသီးတင်ပြ ဆွေးနွေးကြပြီး ပါမောက္ခချုပ် ဒေါက်တာမြအေးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မန္တလေးတက္ကသိုလ် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ရွှေရတု အာစရိယပူဇော်ပွဲ၊ စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲ၊ ဈေးပွဲတော်တို့ကို နိုဝင်ဘာ ၅ ရက်မှစတင်၍ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လှူဒါန်းလိုသော ကျောင်းသား၊ကျောင်းသူဟောင်းများအနေဖြင့် ဒေါက်တာမြအေး (ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်)ဖုန်း- ၀၂-၃၄၄၂၀၊ ဦးပိုမြင့်(ပါမောက္ခချုပ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်) ဖုန်း-၀၉ ၂၀၀၀၇၃၅၊ ဒေါက်တာခင်ဆွေမြင့် (ဒုတိယပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်) ဖုန်း-၀၂-၃၆၆၃၃ နှင့် ဒေါက်တာမောင်မောင်လေး (ပါမောက္ခဌာနမှူး၊ မြန်မာစာဌာန)ဖုန်း-၀၉ ၂၀၀၀၈၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၅ ၄။ ကျန်းမာသုတ
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **"အမေ့ပါးတစ်ခြမ်း ဘယ်သားနမ်းမလဲ" ဒါရိုက်တာ-ဟိန်းစိုး သရုပ်ဆောင်- လူမင်း၊ ချိုပြုံး၊ နန္ဒာလှိုင်**
- ၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁၃း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၁၄း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၅)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူ့ရှင်တော်ရွှေဖလား
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၅)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သုမာလာလမ်းမကြီး ကတ္တရာလမ်းသစ် ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးသည့် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိသုမာလာလမ်းမကြီး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါ လမ်းသစ်ထိပ်ရှိ မုခ်ဦးရှေ့၌ ကျင်းပရာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်တိုင်း အသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးပေါတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်၊ တာဝန်ရှိသူများနှင့်ဧည့်သည်တော်များသည် လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ရပ်မိရပ်ဖများနှင့် လမ်းနေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်သော မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ သုမာလာလမ်းမကြီးသည်လမ်းအရှည် ပေ ၁၆၅၀ နှင့် အကျယ် ၁၂ ပေရှိပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

(၁၉)

✳ ကာကွယ်ရေးဝန်ကြီးဌာနမှ

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ခန်းများ၊ ကွန်ပျူတာခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေး၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ဆေးရုံအတွင်းရှိ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖရူဆိုမြို့နယ် မြို့မအုပ်စု ညောင်ဇင်ကျေးရွာ၊ ဆိုလျာကူးအရှေ့ကွင်းရှိ တောင်သူ ဦးအိလယ် စိုက်ပျိုးထားသော ဆင်းပဒေသာ မြေပဲနံပါတ်(၆) ခုနစ်ဧကစိုက်ခင်းကိုကြည့်ရှုစစ်ဆေးပြီး ဒီမောဆိုမြို့ ဒီမောဆိုခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့မှ လှူဒါန်းသည့် သုတ၊ ရသစာအုပ်များ၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒီမောဆိုမြို့နယ် ငွေတောင်ရပ်ရှိ ငွေတောင်ဆည်၏ ရေဝင်ရောက်မှုအခြေအနေနှင့် ဆည်ရေပေးဝေနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ငွေတောင်ဆည်သည် မြေသားတမံ အမျိုးအစားဖြစ်ပြီး ဆည်အမြင့် ၃၅ ပေ၊ တမံအလျားပေ ၆၀၀၀ နှင့် ဆည်ရေပေးဝေနိုင်သည့် ဧရိယာမှာ မိုးစပါး ၅၈၁၈ ဧက စိုက်ပျိုးနိုင်ပြီး နွေစပါး ၂၀၂၆ ဧက စိုက်ပျိုးနိုင်ကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဒီမောဆိုမြို့ တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ အရာခံ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ သုတ၊ ရသစာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများကို ပေးအပ်ပြီး ဒီမောဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ သိပ္ပံလက်တွေ့ခန်း၊ ကွန်ပျူတာခန်းနှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာသင်ကျောင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ လှူဒါန်းသည့် သုတ၊ ရသစာအုပ်များနှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာကြီး ဦးတုန်ဆွေးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒီမောဆိုမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ ကျန်းမာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆေးဝါးများနှင့် မတည်ငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လွိုင်ကော်မြို့ နည်းပညာတက္ကသိုလ်၌ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လွိုင်ကော်မြို့ အမှတ်(၁) စက်မှုရပ်ကွက်ရှိ ဦးထွန်းထွန်း ဆီစက်၌ ပဲဆီထုတ်လုပ်နေမှု၊ ပဲခွဲစက်ဖြင့် ပဲကြိတ်ခွဲနေမှုနှင့် မြေပဲအခြောက်ခံလှန်းထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ တစ်နေ့ တန် ၈၀ ကျ စက္ကူညိုနှင့် တစ်နေ့တန် ၅၀ကျ CTMP ပျော့ဖတ်စက်ရုံစီမံကိန်း (ရေနီ)ကို တွေ့ရစဉ်။ (စက်မှု -၁)

နေပြည်တော်နှင့် ပဲခူးတိုင်းတို့ရှိ စက်ရုံစီမံကိန်းများကို ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် စက်တင်ဘာ ၇ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ် တောင်ဖီလာကျေးရွာအနီး၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တစ်နေ့တန် ၅၀၀ကျ နေပြည်တော် ဘိလပ်မြေစက်ရုံစီမံကိန်း(တောင်ဖီလာ)သို့ ရောက်ရှိရာ စီမံကိန်းယာယီရှင်းလင်းဆောင်၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် တာဝန်ရှိသူများက မြို့ပြဆိုင်ရာ အဆောက်အအုံများ လျှပ်စစ်မီးနှင့် ရေရရှိရေးကိစ္စရပ်များနှင့် ထုံးကျောက်တောင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် မီးသင်းဖိုလည်ပတ်ရန်အတွက် အုတ်မြစ် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ၊ Clinker Silo ကုန်ကြမ်းကြိတ်စက်နှင့် Cement Silo အုတ်မြစ် မြေတူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် Max Myanmar Group of Companies က တည်ဆောက်လျက်ရှိသော တစ်နေ့တန် ၅၀၀ကျ ဘိလပ်မြေစက်ရုံစီမံကိန်းသို့ ရောက်ရှိ၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရေနီ အမှတ်(၂) စက္ကူစက်ရုံအနီး၌ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တစ်နေ့တန် ၈၀ ကျ စက္ကူညိုနှင့် တစ်နေ့တန် ၅၀ ကျ CTMP ပျော့ဖတ် စက်ရုံစီမံကိန်း (ရေနီ)သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က အဆောက်အအုံနှင့် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေနှင့် စမ်းသပ်လည်ပတ်မှု ပြုလုပ်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် သစ်ပျော့ဖတ်ပြုပြင်ရေးဌာနနှင့် ရေသန့်စင် သိုလှောင်ကန်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ရေလည်းပေးမှ

မမြကြီးချောင်းထဲသို့ စီးဝင်၍ မမြ ရေလှောင်တမံသည် ရေဝင်အားကောင်းနေသည်။

မမြ ရေလှောင်တမံသို့ သွားရောက်ရာတွင် ဥသျှစ်ပင်လမ်းခွဲမှ ပုသိမ်-မုံရွာ လမ်းမကြီးအတိုင်း လာခဲ့ရာ မိုင် ၁၇/၀ ရောက်ပြီး အနောက်ဘက်တစ်မိုင် ဝင်ရောက်လာပါက တမံတွေ့ရှိရသည်။ ယခုအခါ လက်ယာမြောင်းပြီးစီးမှုအရ ဧက ၅၀၀၀ ကို ရေပေးဝေနေပြီး နွေစပါးများ စိုက်ပျိုးထားကြသည်ကို တွေ့ရသည်။

မမြ ရေလှောင်တမံကို ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီး တည်ဆောက်ထားပြီး မမြကြီးချောင်းကို ပိတ်ထားခြင်းဖြစ်သည်။

မမြ ရေလှောင်တမံ ဧရိယာနယ်မြေအတွင်း၌ ကြက်ဆူပင် ၂၄၀၀၀၊ စိန်တလုံး သရက်ပင် ၃၀၀၊ မန်ကျည်းပင် ၈၀၀၊ အုန်းပင် ၂၀၀ နှင့် သီဟိုဠ်ပင် ၄၀၀ စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းနေပြီး ပန်းအလှပင်များနှင့် ဝေဆာလှပလျက်ရှိသည်ကို တွေ့ရှိရသည်။

ထို့နောက် ဦးစီးမှူး ဦးခင်မောင်သန်း လိုက်ပါ၍ မမြ ရေလှောင်တမံ လက်ယာမြောင်းမကြီးပေါ်ရှိ ရေကျ အဆောက်အအုံများပေါ်တွင် ရေအားလျှပ်စစ်စက်ငယ်ကလေးများ တပ်ဆင်ထားပြီး ကျေးရွာများသို့ လျှပ်စစ်မီးများ ပေးထားသည်ကို ကွင်းဆင်းလေ့လာခဲ့သည်။ လက်ယာမြောင်းမကြီး ရေကျ (၅) နေရာတွင် တရုတ်နိုင်ငံမှ ထုတ်လုပ်သော 2KW, 3KW, 5KW ထုတ်လွှတ်စွမ်းအားရှိသည့် ပစ္စည်းအမျိုးအစားများ သုံးထားပြီး ကျန်ဆက်စပ်ပစ္စည်းများ ဖြစ်သည့် TURBING CASING ပြုလုပ်ခြင်းအပိုင်းနှင့် တပ်ဆင်ခြင်းအပိုင်း အဆင့်ဆင့်ကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဝန်ထမ်းများက တီထွင်ထုတ်လုပ် တပ်ဆင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် GENERATOR များလည်ပတ်စေရန်အတွက် ဆက်စပ်တပ်ဆင်အသုံးပြုသော TURBING CASING, DRAFT TUBE များ၏ အရွယ်အစား ရေစီးဝင်နှုန်းနှင့် သတ်မှတ်ရေအမြင့် အစရှိသည့် ဒီဇိုင်းအချက်အလက်များကို ဌာနမှ အင်ဂျင်နီယာများ၏ တွက်ချက်မှုနှင့် လက်တွေ့ဆောင်ရွက်မှုတို့ကို ပေါင်းစပ်၍ ပြုလုပ်တပ်ဆင်ထားခြင်းဖြစ်သည်။ လျှပ်စစ်မီးများကို မျှင်ဝါးတောင် ကျေးရွာကြီးနှင့် ငါးပတ်ကျ ကျေးရွာကြီးများသို့ ဆက်သွယ်ပေးပို့ပြီး မီးလင်းစေလျက်ရှိသည်။

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉)မှ-

- ဆည်ရေမြောင်းဘေး၊ လယ်ကွင်းစိမ်းစို၊ စပါးစိုက်တိုး ပြည်အကျိုး၊ တိုးတက်စေတာ 'ဤဆည်ပါ'

- ကျေးရွာဖွံ့ဖြိုး ဆည်ရေအကျိုး စရိုတ်သက်သာ မီးလင်းစေတာ နိုင်ငံတော်ရဲ့ စေတနာဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

မမြ ရေလှောင်တမံသည် တမံအလျား နှစ်မိုင်ကျော်ရှိပြီး ရေထိန်းမျှော်စင် ပေ ၆၀၀ ကျော်ရှိနေ၍ ရေဝပ်ဧရိယာ ရေပြင်အကျယ်နှင့် လိုက်လျောညီစွာရှိနေပြီး သာယာလှပလျက်ရှိသည်။ မမြရေလှောင်တမံမှ ပို့လွှတ်သော စိုက်ပျိုးရေများဖြင့် စပါးနှင့် အခြားသီးနှံပင်များ စိမ်းစိမ်းစိုစို ထာဝရတည်ရှိနေမည်ဖြစ်ပြီး ကျေးလက်များဖွံ့ဖြိုးတိုးတက်စေရန် ဆည်ရေဖြင့် လျှပ်စစ်မီးများ ပေးထားပြန်သောကြောင့် ကျေးလက်နေ ပြည်သူများ နိုင်ငံတော်၏ ကျေးဇူးဖြင့် အကျိုးနှစ်ဝ ခံစားရပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် စိုက်ပျိုးသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

မမြရေလှောင်တမံမှ ရေပေးမြောင်းမကြီးကို တွေ့ရစဉ်။

ကျေးရွာကြီးများ လျှပ်စစ်မီးရစေရန် မြောင်းမကြီးပေါ်၌ မီးစက်များ တည်ဆောက်ထားစဉ်။

ကလော စက်မှုလက်မှုသိပ္ပံ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

ကလော စက်မှုလက်မှုသိပ္ပံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉၆၉-၁၉၉၁)၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို အောက်တိုဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၂ နာရီအထိ ကလောမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြို့မပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်၊ ရန်ကုန်မြို့ ဦးညွန့်လွင် ဖုန်း-၀၉-၅၁၆၈၉၅၃၊ ဦးမျိုးဝင်းဖုန်း- ၀၉-၅၁၀၅၅၇၃၊ ဒေါ်ဥမ္မာ ဖုန်း-၀၉-၅၁၆၁၃၀၅၊ မန္တလေးမြို့ ဦးထွန်းအောင် ဖုန်း-၀၉-၂၀၁၃၁၀၆၊ ဦးသိန်းထွန်း ဖုန်း-၀၉-၂၀၁၉၇၅၄၊ ၀၂-၆၂၄၆၁၊ ကလောမြို့ ဦးသန်းစိုး ဖုန်း ၀၈၁-၅၀၃၂၀၊ ဦးကျော်မင်း ဖုန်း- ၀၉-၅၂၈၀၁၄၀၊ ၀၈၁-၅၀၁၂၀၊ နေပြည်တော်ပျဉ်းမနား ဦးအောင်စိုး ဖုန်း- ၀၆၇၄၀၉၁၆၊ မုံရွာမြို့ ဦးသောင်းတင် ဖုန်း-၀၇၁-၂၂၂၂၆/ ၂၂၂၂၅ Ext ၃၃၂၊ ဒေါ်အေးအေးထွေး ဖုန်း-၀၇၁-၂၁၆၅၆၊ ပြင်ဦးလွင်မြို့ ဦးကျော်ညွန့် ဖုန်း-၀၉-၂၀၄၄၃၂၀၊ မိတ္ထီလာမြို့ အရာခံဗိုလ်ညွန့်လှိုင် ဖုန်း- ၀၉-၅၁၆၂၃၀၃၊ ဒုအရာခံဗိုလ်တင်ရှိန် ဖုန်း- ၀၉၅၁၁၇၉၁၈တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် အာစရိယပူဇော်ပွဲသို့ တက်ရောက်မည့်သူများ စက်တင်ဘာ ၂၀ရက်နောက်ဆုံးထား၍ ဦးမျိုးဝင်းနှင့် ဒေါ်ဥမ္မာထံ စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

▲ ကျောဖုံးမှ

မီးဘေးသင့် မိသားစုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။

အဆိုပါကျေးရွာ မီးဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပစ္စည်း အမျိုးသားဝတ်လုံချည် ၁၇၁ ထည်၊ အမျိုးသမီးဝတ်လုံချည် ၁၇၁ ထည်နှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ မိနစ် ၄၀ တွင် ကျွန်းစုမြို့နယ် ကဏန်းကျွန်း ကောင်းကောင်းမွေးမြူရေးကုမ္ပဏီလီမိတက်၏ ဒေါင်းတူးမော် ကဏန်းမွေးမြူရေးစခန်းသို့ ရောက်ရှိကြပြီး ဖောင်ဖြင့် ကဏန်းမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အဆောင်ကောင်း စက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်၏ အအေးခန်းများအတွင်း ခုံးကောင်များမှ အသားထုတ်နေမှု၊ အရည်အသွေးပြည့်မီသည့် ပုစွန်နှင့် ကဏန်းတို့အား ကုန်ချောဖြစ်အောင် အဆင့်ဆင့်ပြုလုပ်နေမှု၊ ပုစွန်များအား ပါကင်ထုပ်ပိုးထားရှိမှု၊ ပုစွန်ပြုလုပ်သည့်စက်ရုံအတွင်း ပုစွန်ခြောက်များအား အဆင့်ခွဲခြားရွေးချယ်နေမှုနှင့် ပုစွန်ကိုပြုတ်၊ အခြောက်လှမ်းခံစက်တို့ဖြင့် အခြောက်လှမ်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် အေအက်(စ်)ကေအက်ဒမန်ကုမ္ပဏီလီမိတက်၏ ငါးကုန်ကြမ်းစက်ရုံနှင့် အအေးခန်းအတွင်း ငါးများကို ကုန်ကြမ်းမှကုန်ချောဖြစ်အောင် အဆင့်ဆင့်ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီးကုန်ပစ္စည်းကို စံချိန်စံညွှန်းပြည့်မီမှုသိရှိစေရန် စက်ကိရိယာတိုင်းထွာနေမှုနှင့် ပိုးသတ်ထားသည့် အအေးခန်းအတွင်း ကင်းမွန်များကို တန်ဖိုးရှိထုတ်ကုန်ဖြစ်အောင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မင်းဇာနည်ကုမ္ပဏီလီမိတက်၌ အရည်အသွေးပြည့်မီသည့် ရေချိုငါး၊ ရေချိုပုစွန်နှင့် ရေငန်ပုစွန်များအား ပါကင်ထုပ်ပိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(သတင်းစဉ်)

✳ အာကာသအတွင်းမှ

အဆိုပါသုတေသနစီမံကိန်း၏ ရည်ရွယ်ချက်မှာ ရေဝက်ဝံကလေးများ အာကာသပတ်ဝန်းကျင်အခြေအနေတွင် ရှင်သန်နိုင်စွမ်းရှိမရှိ လေ့လာရန်နှင့် ၎င်းတို့၏ အခြေခံဇီဝကမ္မကို ပိုမိုသိရှိနားလည်အောင် လေ့လာနိုင်ရန်ဖြစ်သည်။

ခံနိုင်ရည်ရှိ

လေ့လာတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ဂျွန်ဆွန်က မိမိတို့၏ အဓိကတွေ့ရှိချက်မှာ အာကာသ လဟာနယ်အတွင်း အလွန်အကျွံ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ကော့စမစ်ဓာတ်ရောင်ခြည်တို့ကို ရေဝက်ဝံများက ခံနိုင်ရည်ရှိခြင်းဖြစ်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း ခရမ်းလွန်ရောင်ခြည်ဖြာထွက်မှုသည် ရေဝက်ဝံမျိုးစိတ်တစ်ခုလုံးအတွက် အန္တရာယ်ရှိသော်လည်း ကောင်ရေအနည်းငယ်မှာ ခံနိုင်ရည်ရှိကြောင်း ပြောကြားသည်။

အင်တာနက်။

စစ်ကိုင်းတိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

မုံရွာ စက်တင်ဘာ ၇

၂၀၀၈ ခုနှစ် စစ်ကိုင်းတိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် ည ၇ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် ဇနီး ဒေါ်အေးအေး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုး ကိုယ်စား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့် ဂီတစာဆို ဦးဖေငြိမ်း ရေးစပ်သီကုံးသော 'မြန်မာလာသောလမ်း' သီချင်းဖြင့်လည်းကောင်း၊ တေးရေးဆရာ ရေနံ့သာစိုးလှိုင်၏ 'မိုးသိမ့်ပြည့်လျှံ အနုပညာအားမာန်' သီချင်းဖြင့်လည်းကောင်း အနုပညာရှင်များက ဧည့်ခံဖျော်ဖြေပေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အကပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိဘတို့၏ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် အောင်စည်းစိမ်ကျောက်မျက်ကုမ္ပဏီ၏ ပူးပေါင်းစီစဉ်မှုဖြင့် "ကျေးဇူးကြီးလှ မိနှင့်ဖတို့၏ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲများ"ကို စက်တင်ဘာ ၈ ရက် နံနက် ၉နာရီက အထက(၁၄) မန္တလေး၌လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် အထက(၂) မန္တလေး၌လည်းကောင်း ကျင်းပရာ ရန်ကုန်မြို့မှ စာရေးဆရာကြီး ချစ်ဦးညို၊ စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က ဟောပြောကြသည်။**(အပေါ်ပုံ)** အဆိုပါဟောပြောပွဲကို စက်တင်ဘာ ၉ရက် နံနက် ၉ နာရီကလည်း အထက(၁၇) မန္တလေး၌ကျင်းပရာ အမျိုးသားစာပေဆုရ စာရေးဆရာကြီး လယ်တွင်းသားစောချစ်၊ စာရေးဆရာကြီး ချစ်ဦးညို၊ လူငယ်ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)တို့က ဟောပြောကြသည်။

အခမ်းအနားတွင် အလှူရှင် အောင်စည်းစိမ်ကျောက်မျက်ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးအောင်ကြီးက ကျောင်းရန်ပုံငွေအတွက် အလှူငွေ ၅၀၀၀၀ ကျပ်၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ကျောင်းစာကြည့်တိုက်အတွက် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

(ကြေးမုံ)

❖ စီးပွားဖြစ်မှ

ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် မြောက်လတ္တီကျု ၁၇ဒီဂရီမြောက်ဘက်တွင်တည်ရှိပြီး မြေဧရိယာစတုရန်းမိုင် ၂၂၄၈၇၄၇မိုင်၊ မြေဧရိယာဧက ၁၄၃၉၁၉၈၃ ဧက ကျယ်ဝန်း၍ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၈၀၀ မှ ၅၀၀၀ ကြားတွင် တည်ရှိသည်။ နှစ်စဉ် ပျှမ်းမျှမိုးရေချိန်မှာ ၅၀-၆၀ လက်မ ရွာသွန်း၍ တစ်နှစ်ပတ်လုံး မိုးရွာရက်မှာ ရက်ပေါင်း ၉၀-၁၀၀ ရရှိသည့်အတွက် ရေမြေ၊ ရာသီဥတုသည် ရော်ဘာကြိုက် ရာသီဥတုဖြစ်သည်။

ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ အသိအမြင်ဗဟုသုတ ကျယ်ပြန့်လာပြီဖြစ်သည့် ဒေသခံ တိုင်းရင်းသား ခြံလုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများသည် ရော်ဘာကို တိုးချဲ့စိုက်ပျိုးလာခဲ့ရာ ယခုအခါတွင် မူဆယ်ခရိုင်နှင့် ကွမ်းလုံခရိုင်တို့၌ စိုက်ပျိုးမြေ မကျန်လောက်အောင်ပင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။ မူဆယ်ခရိုင်၊ ကွမ်းလုံခရိုင်၊ ဟိုပန်မြို့နယ်၊ ပန်ဆန်း၊ နန်းတစ်၊ မိုင်းမော၊ ဝဒေသတစ်ခွင်လုံး၊ လောက်ကိုင် ချင်းရွှေဟော်ဒေသတို့သည် ရော်ဘာစိုက်ပျိုးမှု အအောင်မြင်ဆုံး ဒေသများဖြစ်သည်။ လားရှိုးမြို့နယ်နှင့် သိန္နီမြို့နယ်များတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းနေသည်။ လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်-မိုင်းကျက် ကားလမ်းဘေး ဝဲယာတွင် ၂၀၀၆-၂၀၀၇မှစ၍ ၂၀၁၀ပြည့်နှစ်အတွင်း ရော်ဘာစိုက်ဧက ၁၀၀၀၀ စိုက်ပျိုးရေး အထူးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လားရှိုးမြို့နယ် မိုင်းယော်၊ မိုင်းကျက် ရော်ဘာအထူးစိုက်ပျိုးရေးဇုန်အတွင်းရှိ မိုင်းပန်စမ်းသပ်စိုက်ခင်း၌ နိုင်ငံအသီးသီးမှ ပျိုးပင်မျိုးပေါင်း ကိုးမျိုးကို မှာယူစမ်းသပ်စိုက်ပျိုးထားလျက်ရှိသည်။

မူဆယ်ခရိုင်တွင် BPM-24 မျိုးစေ့ကို မုဒုံ၊ သံဖြူဇရပ်ဘက်မှ မှာယူပြီး တစ်နှစ်အတွင်း ပျိုးပင်ထုတ်နိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် မျိုးစေ့ ၆၀၀၀၀ ကျော် ပျိုးထောင်ထားပြီးဖြစ်သည်။ အစေ့စိုက်ဖူးကူးပျိုးပင်ကိုလည်း တစ်နှစ်အတွင်း ပျိုးထုတ်နိုင်ရေးအတွက် ကြိုးစားအားထုတ်လျက်ရှိသည်။

မြန်မာ့စိုက်ပျိုးရေးပညာရှင်များ၏ ကြိုးစားအားထုတ်မှုနှင့် အသိပညာ၊ အတတ်ပညာ စွမ်းပကားကြောင့် ယခုအခါ တရုတ်နိုင်ငံမှ မြန်မာ ဖူးကူး ပျိုးငုတ်ပင်များကို ကြိုက်နှစ်သက်သည့်အတွက် ဝယ်ယူမှုများ ရှိလာခဲ့သည်။ မူဆယ်ခရိုင်မှ စိုက်ပျိုးထားသည့် အဖူးကူးပျိုးငုတ်ပင် ၃၀၀၀၀ခန့် ရောင်းချနိုင်သည့်အတွက် မြန်မာကျပ်ငွေ သိန်း ၃၀၀ခန့် ရရှိခဲ့ပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ မြန်မာ့စိုက်ပျိုးနည်းပညာဖြင့် နိုင်ငံခြားငွေရှာပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသသည် မြေဧရိယာ ကျယ်ပြန့်စွာရှိသည့် တောင်ပေါ်မြေပြန့်ဒေသဖြစ်ပြီး ရော်ဘာစိုက်ပျိုးနိုင်သော မြေဧက ငါးသိန်းကျော်ခန့် ကျန်ရှိနေသည်။ နောင်တစ်ချိန် ရော်ဘာစိုက်ပျိုးမှုစီမံကိန်းပြည့်မီပါက ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ရော်ဘာစိုက်ပျိုးမှုအများဆုံး ပြည်နယ်တစ်ခုဖြစ်လာနိုင်သည်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် တောင်သူများကိုလည်း စည်းရုံးလှုံ့ဆော် အသိပညာပေးမှုကြောင့် ရော်ဘာပင်ကြားတွင် ကြားသီးနှံ ပဲ၊ ပြောင်း၊ နှမ်း၊ ကော်ဖီ၊ ဖရဲများကို စိုက်ပျိုးစေခြင်းဖြင့် လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းလည်း အဆင်ပြေ၊ မြေပိုင်ဆိုင်မှု မရှိဘဲ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း လုပ်ကိုင်နေရသော အဖြစ်မှ ခြံရှင်လုပ်ငန်းရှင်များ ဖြစ်လာသည်။

ထိုသို့ ရော်ဘာစိုက်ပျိုးနိုင်ခြင်းကြောင့် ဒေသခံ တိုင်းရင်းသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာသည်။ သစ်တောများ ပြုန်းတီး၍ ပူအိုက်နေသော ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် မကြာမီနှစ်များတွင် သစ်ပင်သစ်တောများဖြင့် အုံ့ဆိုင်းဝေဆာ၍ ပြန်လည်စိမ်းလန်းစိုပြည် အေးချမ်းနေသည့် ပြည်နယ်တစ်ခု ဖြစ်လာတော့မည့်အကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ဟိုပန်တွင် အောင်မြင်နေသော ရော်ဘာပင် များ မှ ရှမ်း တိုင်းရင်းသူ တစ်ဦး အစေး လှီးနေစဉ်။

ဟိုပန်တွင် ရော် ဘာ ပင်များမှ ဒေသခံ တိုင်း ရင်း သူ တစ်ဦး အစေး လှီးနေစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သုဘာသုတ္တန်"တရားတော် (ဓညဝတီဆရာတော် အရှင်ဉာဏဝရ)
၈း၀၅ - ၂း၀၅	ရေပျော်ငှက်၏တောင်ပံခတ်သံ
၈း၂၅ - ၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀ - ၂း၅၀	အလင်းမိုင်တိုင်များ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	Activities In The City [အေးငြိမ်းချမ်းသာထီဂေဟာမှ ကျပ်သိန်း(၅၀၀)အပိုဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား]
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	တစ်ပတ်အတွင်းအားကစားသတင်း
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	ထူးမြတ်ပူဇော်ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဝိဇ္ဇာရသစုံမဂ္ဂဇင်းနှင့်တွေ့ဆုံခြင်း)
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	Yangon Panorama (ရင်ဂို၏ တူရိယာလုလင်)
၁၁း၃၀ - ၅း၃၀	အတ္တရံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	ကလေးတို့အတွက်လက်ဆောင် (ရေခဲပြင်မှ ပင်ဂွင်းနှင့် ငှက်ကြီးဝန်ပိုရုပ်ခေါက်ကြရအောင်)
၁၂း၁၀ - ၆း၁၀	ခါးနာရောဂါအကြောင်းသိကောင်းစရာ(အပိုင်း-၁) (ပါမောက္ခဒေါက်တာနေဝင်း)
၁၂း၄၀ - ၆း၄၀	ဆုရအက
၁၂း၄၅ - ၆း၄၅	သွားမယ်၊စားမယ် (Mr. Bar B.Q)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Liverpool - Man Utd	ESPN(Live)
၈း၂၅	Blackburn - Arsenal	ESPN(Live)
	Portsmouth - Middlesbrough	STAR SPORTS (Live)
၁၀း၅၅	Man City - Chelsea	STAR SPORTS (Live)
၁၁း၀၀	West Brom - West Ham	ESPN(SDD)

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာ့ရေနံ ထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး (ရောင်းချရေး)၊ အထွေထွေမန်နေဂျာ ပင်မသိုလှောင် ဖြန့်ဖြူးရေး(ဓနိတော)၊ ရန်ကုန်တိုင်း အရှေ့ပိုင်းနှင့် အနောက်ပိုင်းတိုင်း ရောင်းဝယ်ရေးအရာရှိများ၊ ရန်ကုန် တိုင်းအတွင်းရှိ စက်သုံးဆီအရောင်း ဆိုင် မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝန်ကြီးက အမှာစကားပြောကြား ရာတွင် နိုင်ငံတော်မှ ပြည်သူများအား စက်သုံးဆီများကို အမှန်တန်ဖိုးထက် လျှော့၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ ကြောင်း၊ ပြည်သူများ စက်သုံးဆီ အချင်အတွယ် အပြည့်အဝရရှိစေရန် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ရေနံ ချက် စက်ရုံမှူးများ၊ ပင်မသိုလှောင် ဖြန့်ဖြူးရေးဌာနမှူးများနှင့် စက်သုံးဆီ အရောင်းဆိုင်များ တစ်ခုနှင့်တစ်ခု စက်သုံးဆီထုတ်ပေး၊ သယ်ယူ၊ ဖြည့်တင်းရာတွင် မှန်ကန်တိကျစေရန် အတွက် သက်ဆိုင်ရာလုပ်ငန်းများ အလိုက် ဦးဆောင်ညွှန်ကြားရေး မှူးများကိုယ်တိုင် တာဝန်ယူဆောင် ရွက်ရန် ညွှန်ကြားပြီးဖြစ်ကြောင်း၊ စက်သုံးဆီမသမာမှုများ မဖြစ်ပွား စေရန် ဝန်ကြီးဌာနမှ နည်းလမ်းမျိုးစုံ အသုံးပြု၍ စုံစမ်းစစ်ဆေးဖော်ထုတ် သွားမည်ဖြစ်ပြီး မသမာမှုများတွေ့ရှိ ပါက ထိထိရောက်ရောက် အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့ ဝန်ထမ်းများပီပီ ပြည်သူများနှင့် ပြေပြစ်စွာ ဆက်ဆံသွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများ၏ တင်ပြ ချက်များအပေါ် ဝန်ကြီးက လိုအပ် သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံ ထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။

(စွမ်းအင်)

အိန္ဒိယကာကွယ်ရေးတက္ကသိုလ်မှ ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံသို့ လေ့လာရေးခရီး လာရောက်ခဲ့ကြသော အိန္ဒိယသမ္မတ နိုင်ငံ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ ကျောင်းအုပ်ကြီး Vice Admiral S. Bhasin , AVSM, VSM နှင့် ဇနီးတို့ ဦးဆောင်သော လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန် မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားကြရာ တပ်မတော်ဆေး တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်း၊ တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူး ချုပ် လှမြင့်ရွှေ၊ တပ်မတော်အရာရှိ ကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ် သံမှူး Colonel, Manoj Mukund Naravane တို့က ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့အခမ်းအနား နေပြည်တော်၌ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေး မှူးချုပ်များ၊ နယ်သာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး ဗဟိုဌာနကိုယ်စားလှယ် Prof. Wim Van Palenstein Helderman ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ် များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားရာတွင် ယနေ့ ကမ္ဘာ့သွားနှင့် ခံတွင်းကျန်းမာရေးနေ့ အခမ်းအနားသည် ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး လွန်ခဲ့သည့် အနှစ် ၃၀၊ ၁၉၇၈ခုနှစ်က ပဏာမကျန်းမာ ရေးစောင့်ရှောက်မှု အခြေခံသဘော တရား (Primary Health Care Concept) ကို Alma Ata Conference မှ ပေါ်ထွန်းစေခဲ့သည့်နေ့ ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြား

မိမိတို့ မြန်မာနိုင်ငံ၌ သွားပိုးစား ရောဂါနှင့် သွားဖုံးရောဂါသည် သွားနှင့်ခံတွင်း ရောဂါများအနက် အဖြစ်အများဆုံးဖြစ်ပြီး သွားနှင့် ခံတွင်းဆိုင်ရာမှန်ကန်သည့် အသိ ပညာများ၊ အမူအကျင့်များ မြှင့်တင် ပေးရန်နှင့် စနစ်မှန်သွားတိုက်နည်း များကိုပါ လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း၊ ကလေးများတွင် ခံတွင်း ကျန်းမာသည့် ကလေးနှင့် ခံတွင်း မကျန်းမာသည့် ကလေးနှိုင်းယှဉ်မည် ဆိုလျှင် ခံတွင်းမကျန်းမာသည့် ကလေးများ ကိုယ်အလေးချိန်ပို၍ လျော့နည်းသည်ကို တွေ့ရတတ် ကြောင်း၊ လူကြီးပိုင်းတွင်လည်း ဆီးချို နှလုံးရောဂါနှင့် ကင်ဆာရောဂါများ အထိ ဆက်နွှယ်နေသည်ကို တွေ့ရကြောင်း။

ယခုနှစ် ကမ္ဘာ့ သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ ဆောင်ပုဒ်သည် "သွားနှင့်ခံတွင်း ကျန်းမာဖို့၊ တစ်နေ့ နှစ်ကြိမ် သွားတိုက်စို့" ဖြစ်ကြောင်း ၂၀၀၀ပြည့်နှစ်ကစပြီး သွားကျန်းမာရေး အတွက် သွားတိုက်ဆေးများ၏ အာနိသင်ကို ကျန်းမာရေးဝန်ကြီး ဌာနက စတင်စမ်းသပ်ခဲ့ကြောင်း၊ ၂၀၀၀-၂၀၀၁ ခုနှစ်ရောက်မှ ပုဂ္ဂလိက ထုတ်သွားတိုက်ဆေး တစ်မျိုးနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနထုတ် သွားတိုက်ဆေးများတွင် ဖလိုရိုဒ်စတင် ထည့်ပေးနိုင်ခဲ့ကြောင်း။

တစ်နေ့နှစ်ကြိမ်

သွားနှင့်ခံတွင်း ကျန်းမာရေးကို ကျောင်းများအခြေခံပြု၍ ကလေးငယ် များအား ဘဝတွက်တာ ကျွမ်းကျင် စရာများအဖြစ် တစ်နေ့နှစ်ကြိမ် ဖလိုရိုဒ်သွားတိုက်ဆေးဖြင့် သွားများ တိုက်ရန် အားလုံးကြိုးပမ်းသွားကြရန် ထပ်လောင်း တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသွားသည်။

ပူးပေါင်းညှိနှိုင်း

ဆက်လက်၍ ဟော်လန်နိုင်ငံ အခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး ဗဟို ဌာန ကိုယ်စားလှယ် Prof. Wim Van Palenstein Helderman က အမှာစကားပြောကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၀၈ ခုနှစ် ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာ ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဖတ်ကြား

ဆက်လက်၍ ကမ္ဘာ့သွားနှင့် ခံတွင်းကျန်းမာရေးနေ့ အထိမ်းအမှတ် သုတေသနပြုစာတမ်းဖတ်ပွဲကို ဆက် လက် ကျင်းပရာ Prof. Wim Van Palenstein Helderman၊ ဒေါက်တာ ဖြူဖြူကျော်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်တို့က ဖတ်ကြား ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနဒုတိယ ဝန်ကြီး ဒေါက်တာမြဦး ကမ္ဘာ့ သွားနှင့် ခံတွင်း ကျန်းမာရေးနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ် မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စား မောင်းနှင်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

စက်တင်ဘာ ၁၂ က ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်နေ မှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ပညာသင်တန်း(၂/၂၀၀၈)ဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အခြေခံစာကြည့်တိုက်ပညာသင်တန်း(၂/၂၀၀၈)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူ ၅၃ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ ကျောက်ပန်းတောင်းမြို့နယ်ရုံးမှ ရုပ်သံကျွမ်းကျင်(၃)ဦးဇော်တိုး၊ ဒုတိယဆုရ တောင်ကြီးခရိုင်ရုံးမှ အငယ်တန်းစာရေး ဒေါ်နန်းပြုံးရီနှင့် တတိယဆုရ သနပ်ပင်မြို့နယ်ရုံးမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်သဇင်တို့အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ချီးမြှင့်သော ထောက်ပံ့ငွေများကို သင်တန်းသား သင်တန်းသူများကိုယ်စား ကသအမှတ်(၂) ဒေါ်ဖြူဖြူသိန်းအားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က သင်တန်းနည်းပြများအတွက် လက်ဆောင်များကို သင်တန်းနည်းပြများကိုယ်စား ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ကြည်အားလည်းကောင်း၊ သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား ကသအမှတ်(၁) ဦးသိန်းနိုင်အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည် နေပြည်တော်လယ်ဝေး သီရိရတနာ မြို့မဈေးရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်း အမှိုက်သရိုက်များ ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် အခြေခံစာကြည့်တိုက်ပညာသင်တန်း(၂/၂၀၀၈) ဆင်းပွဲတွင် ပထမဆုရ ကျောက်ပန်းတောင်းမြို့နယ်ရုံးမှ ရုပ်သံကျွမ်းကျင်(၃) ဦးဇော်တိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ယာဉ်မောင်းသူများ လိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။

(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။

(၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။

(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။

(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။

(၆) ဘရိတ်ကို ရုတ်တရက်မနင်းပါနှင့်။

(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။

(၈) ရေသုတ်တံပါရှိရမည်၊ ကောင်းမွန်ရမည်။

(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။

(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက် သယ်ယာဉ်များ ဖိတ်စဉ်မှု မရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နေပြည်တော်လယ်ဝေး သီရိရတနာမြို့မဈေးကြီး ရေစီးရေလာကောင်းမွန်ရေးနှင့် အထွေထွေသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၂

နေပြည်တော် စည်ပင်သာယာရေးကော်မတီ နေပြည်တော်လယ်ဝေး သီရိရတနာမြို့မဈေးရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်း အမှိုက်သရိုက်များ ဆယ်ယူနေမှုကို စက်တင်ဘာ ၁ရက်ကကျင်းပရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် ဈေးများဌာန ဒုတိယဌာနမှူး ဦးမောင်မောင်စန်းတို့က ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးကြသည်။

ထို့နောက် ကော်မတီ အတွင်းရေးမှူးက ဈေးတာဝန်ခံရုံး၌ ဈေးမိ ဈေးဖများနှင့်တွေ့ဆုံ၍ ဈေးအတွင်း သန့်ရှင်း၊ သာယာ၊ လှပရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာ

လမ်းဘေးဈေးတန်း စည်းကမ်းရှိစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတမြို့နယ် (၁၀)ရပ်ကွက် စံပြဥယျာဉ်ဈေးအနီးရှိ ရတနာပုံလမ်းမကြီးနှင့် ရတနာပုံ(၁)လမ်းတစ်လျှောက်တွင် ဈေးသည်များ ပိတ်ဆို့ရောင်းချလျက်ရှိရာ ယာဉ်နှင့် လမ်းသွား၊ လမ်းလာများ အနှောင့်အယှက် ဖြစ်ကြရပါသည်။

ထို့ပြင် ရောင်းချသော သားငါးအနံ့များ၊ စွန့်ပစ်ပစ္စည်းများ၏ အနံ့ဆိုးများကြောင့် ၎င်းပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးကို ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်ဈေးရောင်းချမှုများကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

လှေကားအတက်အဆင်းမှ ဈေးဆိုင်ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် နှင်းဆီလမ်း တိုက်အမှတ် (B-4) တိုက်လှေကားအဆင်းအတက် မျက်နှာစာရှေ့တွင် သစ်သားခုံအမိုးတို့ဖြင့် ရှစ်ပေခန့် ဆိုင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိရာ တိုက်ခန်းနေသူများ အဝင်အထွက် အနှောင့်အယှက်ဖြစ်ကြရပါသည်။ ထို့အပြင် လှေကားအဝနှင့် အများပိုင် ရေသိုလှောင်ကန်၊ မော်တာခန်းရှေ့တွင် ထီးပြင်လုပ်ငန်း လုပ်ကိုင်နေခြင်း၊ ရောင်းကုန်နှင့် ပစ္စည်းများကို မော်တာခန်းသော့ဖွင့်၍ ညဘက်၌ ပစ္စည်းများ သိမ်းဆည်းခြင်းတို့ကြောင့် လုံခြုံမှုမရှိပါ။

သို့ဖြစ်ပါ၍ တိုက်ခန်းလှေကား အဆင်းအတက် အဆင်ပြေစေရေးအတွက် အဆိုပါ ဆိုင်ခန်းအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

ကားဝပ်ရှော့နှင့် ဆေးမှုတ်အလုပ်ရုံများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက် (ခ/၁၁) လမ်းတွင် ကားကြီးဝပ်ရှော့လုပ်ငန်းနှင့် ဆေးမှုတ်သည့်လုပ်ငန်း တစ်ခုရှိရာ ကုန်တင်ယာဉ်ကြီးများ ဝင်ထွက်ပြုပြင်ခြင်း၊ ဆေးမှုတ်ခြင်း၊ ဂဟေဆော်ခြင်းများကို နေ့၊ ည လုပ်ကိုင်လျက်ရှိပါသည်။

အဆိုပါ လုပ်ငန်းများကြောင့် လမ်းပျက်စီးနိုင်သည့်အပြင် ကားဘော်ဒီလုပ်ငန်းမှ ထုရိုက်သံနှင့် ဆေးမှုတ်သည့် အနံ့ဆိုးများ ပေါ်ထွက်ပျံ့နှံ့နေပါသဖြင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ လမ်းသွား လမ်းလာများ အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အဆိုပါ လုပ်ငန်းအား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ဝက်မွေးမြူရေး အနံ့ဆိုးနံ့ ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၆)ရပ်ကွက် ကျောက်စိမ်းမျက်ရတနာ (၂)လမ်းထိပ်ရှိ အိမ်တစ်အိမ်၏ ဝင်းအတွင်း၌ တစ်နှစ်ပတ်လုံး ရေဝပ်နေသောရေအိုင်ပေါ်တွင်လူနေအိမ်နီးပါးရှိ ခြံကြီးဖြင့် စီးပွားဖြစ် ဝက်မွေးမြူလျက်ရှိပါသည်။ ဝက်ချေးများကို ရေထဲသို့ လွှဲချခြင်းကြောင့် ဝက်ချေးနံ့၊ ရေပုပ်နံ့ အနံ့ဆိုးများနံစော်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက် လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ရပ်ကွက်အတွင်းနေထိုင်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် အဆိုပါ ဝက်မွေးမြူရေးလုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ရေဆိုးပိုက်နှင့် မိလ္လာပိုက်များပြုပြင်စေလို

စာတည်းရှင့်-

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက် (၄၆)လမ်း အမှတ်(၁၅၈)တွင် ရေဆိုးပိုက်နှင့် မိလ္လာပိုက်များ ပျက်စီးယိုယွင်းလျက်ရှိရာ အနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးကို ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ပိုက်များအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

(၄၆)လမ်းသူ

မီးသတ်ဂြိုဟ်စက် ရွှေ့ပြောင်းပေးပါ

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ဓနုဖြူမြို့ (၁၇) ရပ်ကွက်အနီး ဦးဖိုးမြကုန်း (ခေါ်) သုသာန်မီးသတ်ဂြိုဟ်စက်မှ အနံ့အသက်ဆိုးများ ထွက်ပေါ်လျက်ရှိရာ (၁၇) ရပ်ကွက် အတွင်းရှိ အိမ်ခြေပေါင်း ၇၂၀ တွင် နေထိုင်သူများမှာ အဆိုပါ ညှော်နံ့ဆိုးများကြောင့် ကျန်းမာရေး ထိခိုက်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မီးသတ်ဂြိုဟ်စက်အား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

အလူမီနီယံပြားဖြတ်တောက်သံဆူညံမှု ရှင်းလင်းပြီး

၃၁-၃-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မြောင်းမြမြို့ အမှတ်(၂)ရပ်ကွက်မှ **အလူမီနီယံပြား ဖြတ်တောက်သံ ပတ်ဝန်းကျင်ဆူညံ** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ဝက်စာအနံ့ဆိုးများ ရှင်းလင်းပြီးစီး

၂၆-၇-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၈) ရပ်ကွက် သဇင်လမ်းမှ **ဝက်စာအနံ့ဆိုးများ ပတ်ဝန်းကျင်ပျံ့နှံ့** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ(ကွာတားဖိုင်နယ်) ရှုံးထွက်ပွဲစဉ်များကို နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ယနေ့ညနေ ၃ နာရီခွဲက တတိယပွဲစဉ်အဖြစ် ဆက်လက်ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အလုပ်သမားဝန်ကြီးဌာန **တစ်ဂိုး**
အောင်ကိုဝင်း
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန **ဂိုးမရှိ**
ဒိုင်လူကြီး ဦးဝင်းထွဋ်(အပြည်ပြည်ဆိုင်ရာ)

ယင်းပြိုင်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။

(၁၃-၉-၂၀၀၈)ရက်ပွဲစဉ်(ပေါင်းလောင်းကွင်း)
ပို့ဆောင်ရေးနှင့် မွေး/ရေ

(၁၀၇)

လီဗာပူးနှင့်မန်ယူထိပ်တိုက်တွေ့ဆုံချိန်မှာ ချယ်လ်ဆီးအမြတ်ထုတ်နိုင်မှာလား

ပရီမီယာလိဂ်ပွဲစဉ်(၄) စက်တင်ဘာ ၁၃/၁၄/၁၆

ယခုနှစ် ဘောလုံးရာသီ အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲများကို ကျင်းပလာတာ ပွဲစဉ်(၄)သို့ပင် ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ပွဲစဉ်(၃)အပြီးမှာ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ ခုနစ်မှတ်စီနဲ့ ချယ်လ်ဆီးက ပထမ၊ လီဗာပူးက ဒုတိယအဖြစ်ရပ်တည်နေပြီး အဘူဒါဘီအုပ်စုပိုင်ဆိုင်တဲ့ မန်စီးတီးက အဆင့်(၃)၊ အာဆင်နယ်က အဆင့်(၄)နဲ့ မန်ယူက တစ်ပွဲလျော့ အဆင့် (၉)မှာ ရပ်တည်နေကြပါတယ်။

ရသအပြည့်အဝပေးစွမ်းနိုင်

ယခုတစ်ပတ်မှာ လီဗာပူးနဲ့ မန်ယူ၊ ဘလက်ဘန်းနဲ့ အာဆင်နယ်၊ မန်စီးတီးနဲ့ချယ်လ်ဆီး၊ ပို့စ်မောက်နဲ့ မစ်ဒယ်ဘရော့၊ စပါးနဲ့ ဗီလာတို့ ထိပ်တိုက်တွေ့ဆုံတဲ့ ခြေရည်တူပွဲတွေပါဝင်လာတာကြောင့် အရှိန်အဟုန်ကောင်းကောင်းနဲ့ တာထွက်လာတဲ့ ပရီမီယာလိဂ်ဟာ ဒီတစ်ပတ်မှာလည်း ပြိုင်ဆိုင်မှုတွေက ပြင်းထန်လာဦးမှာပါ။ ဒီအသင်းတွေ ထိပ်တိုက်တွေ့ဆုံတိုင်း အကြိတ်အနယ်ရှိခဲ့ပြီး ဝါသနာရှင်တွေအတွက် ဘောလုံးရသအပြည့်အဝ ပေးစွမ်းနိုင်လေ့ရှိတာကို တွေ့ရပါတယ်။

လီဗာပူး-မန်ယူ

ဒီနှစ်သင်းတွေ့ဆုံတိုင်းမှာ ဖာဂူဆန်ရဲ့မန်ယူက အမြဲတမ်းလိုလို အသာစီးရလေ့ရှိတာကို တွေ့ရပါတယ်။လီဗာပူးမှာ အသင်းခေါင်းဆောင် ဂျရတ်မပါဝင်နိုင်သလို မန်ယူမှာလည်း စီရော်နယ်လ်ဒို မကစားနိုင်သေးပါဘူး။ လက်ရှိအနေအထားအရ ဒီနှစ်သင်းမှာ ရှေ့၊ လယ်၊ ညီမျှမှုရှိပြီး ဂိုးနဲ့ နောက်တန်းမှာ မန်ယူက အနည်းငယ်သာတယ်လို့ ဆိုရမှာပါ။ ယမန်နှစ်က စပါးတိုက်စစ်အတွဲဖြစ်တဲ့ လီဗာပူးက ရော်ဘီကိန်းနဲ့ မန်ယူက ဘာဘာတော့ဗ်တို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုဟာလည်း စိတ်ဝင်စားစရာပါပဲ။ လီဗာပူးရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ ဖာနန်ဒိုတောရစ်၊ ဒရစ်ကောက်နဲ့ ရော်ဘီကိန်းတို့ဟာ အခွင့်အရေးရရင် ရသလို ဂိုးသွင်းတတ်ကြတဲ့သူတွေပါ။ အလားတူ မန်ယူမှာ တီဗက်ဇ် တိုးအားကောင်းသလို ဝိန်းရွန်းနေဟာ ကိုယ်တိုင်ဂိုးသွင်းယူနိုင်ပြီး ကစားဖော်များအတွက် ဂိုးရအောင် ဖန်တီးပေးမှုတွေကလည်း အရမ်းကောင်းမွန်လာပါတယ်။ ဒါကြောင့် ဝိန်းရွန်းနေရဲ့ ပံ့ပိုးမှုကနေ ဘာဘာတော့ဗ်တစ်ယောက် မန်ယူအတွက် သူရဲ့ ပွဲဦးထွက်ပွဲမှာ ဂိုးသွင်းယူပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒီပွဲမှာ ညှော့သည်မန်ယူတို့ မရှုံးနိုင်ပါဘူး။

ယမန်နှစ် အန်ဖီးလ်ကွင်း၌ ဆုံတွေ့ခဲ့စဉ်က တစ်နိုင်ငံတည်းသား များဖြစ်ကြသည့် လီဗာပူးမှ မာရှေရာနိုနှင့် မန်ယူမှ တီဗက်ဇ်တို့ ဘောလုံးယှဉ်လုစဉ်။

အမြတ်ထုတ်နိုင်

စကိုလာရီရဲ့ ချယ်လ်ဆီးဟာ ဒီနေ့ပွဲမှာ အိမ်ကွင်း၊ အဝေးကွင်းမရွေး ခြေစွမ်းပြနေတဲ့ မန်စီးတီးနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်တာကြောင့် လီဗာပူးနဲ့ မန်ယူ ထိပ်တိုက်တွေ့ဆုံနေချိန်မှာ ချယ်လ်ဆီးအနေနဲ့ အမြတ်ထုတ်နိုင်ဖို့အတွက် ခက်ခက်ခဲခဲကြိုးစားရမှာပါ။ ထို့အတူ ဘလက်ဘန်းနဲ့ အာဆင်နယ်ဟာ ဘလက်ဘန်းရဲ့ အီဝုဒ်ပတ်မှာ ဆုံတွေ့တိုင်း ပြိုင်ဆိုင်မှုက ပြင်းထန်လေ့ရှိပါတယ်။ လက်ရှိခြေစွမ်းအရ အာဆင်နယ်က သာတယ်ဆိုပေမယ့် မန်ယူကစားသမားဟောင်းဖြစ်တဲ့ ဘလက်ဘန်းနည်းပြ ပေါလ်အင့်စ်ဟာ ပရီမီယာလိဂ် အတွေ့အကြုံအများကြီး ရှိတာကြောင့် ဝင်းဂါးအနေနဲ့ အလွယ်တကူနဲ့တော့ ဘလက်ဘန်းကို အနိုင်မရနိုင်ပါဘူး။ ဒါပေမယ့် လီဗာပူး၊ မန်ယူနဲ့ ချယ်လ်ဆီးတို့ ပွဲကျပ်နေချိန်မှာ သူကလည်း အမြတ်ထုတ်နိုင်ဖို့ ကြိုးစားလာမှာပါ။

ဖူလ်ဟမ်၊ ပို့စ်မောက်၊ ဝီဂန်၊ စတုတ်စီးတီး၊ စပါးနဲ့ ဝက်စ်ဟမ်းတို့ဟာ ဒီတစ်ပတ်ပွဲစဉ်မှာ အမှတ်ပြည့် မဟုတ်သည့်တိုင် သရေတစ်မှတ်တော့ ထိန်းနိုင်မှာပါ။ နည်းပြလက်မဲ့ဖြစ်နေတဲ့ နယူးကာဆယ်ဟာလည်း လူပြန်စုံနေပြီဖြစ်တာကြောင့် တန်းတက်ဟူးလ်စီးတီးကို အိမ်ကွင်းမှာ မရှုံးလောက်ပါဘူး။

ပရီမီယာလိဂ်ပွဲစဉ်(၄)ကစားမယ့် ပွဲများမှာ စက်တင်ဘာ ၁၃ ရက်(ယနေ့)တွင် လီဗာပူးနဲ့မန်ယူ၊ ဘလက်ဘန်းနဲ့ အာဆင်နယ်၊ ဖူလ်ဟမ်နဲ့ ဘော်လ်တန်၊ နယူးကာဆယ်နဲ့ ဟူးလ်စီးတီး၊ ပို့မောက်နဲ့ မစ်ဒယ်ဘရော့၊ ဝက်စ်ဘရွန်းနဲ့ ဝက်စ်ဟမ်း၊ ဝီဂန်နဲ့ ဆန်းဒါးလန်း၊ မန်စီးတီးနဲ့ချယ်လ်ဆီး၊ စက်တင်ဘာ ၁၄ ရက်(တနင်္ဂနွေနေ့)၌ စတုတ်စီးတီးနဲ့ အဲဗာတန်၊ စက်တင်ဘာ ၁၆ ရက်(အင်္ဂါနေ့) နံနက်တွင် စပါးနဲ့ ဗီလာတို့ယှဉ်ပြိုင် ကစားကြမှာ ဖြစ်ပါတယ်။

ဝင်းတင်(ကြေးမုံ)

ပဲခူးတိုင်း ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် ဗီဒီယိုရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား အများပြည်သူတို့အနေဖြင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းလုပ်ရပ်များအား ရှုံ့မုန်းလျက်ရှိပြီး ဝိုင်းဝန်းဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဆန္ဒပြင်းပြလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၂

ပဲခူးတိုင်း ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် ဗီဒီယိုရုံတစ်ရုံ၌ ယမန်နေ့ည ၈ နာရီ မိနစ် ၂၀ နှင့် ၈နာရီခွဲတို့တွင် ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ယမန်နေ့ည ၇နာရီ ၅မိနစ်ခန့်တွင် ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်ရှိ ကုန်စုံဆိုင်တစ်ဆိုင်၏ ပစ္စည်းများခင်းကျင်းထားသည့်အောက်၌ ပလတ်စတစ်ဘူးဖြင့် ပြုလုပ်ထားသော လက်လုပ်ချိန်ကိုက်မိုင်း တစ်လုံးအား ကလေးငယ်တစ်ဦးက တွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့ကြောင်း၊ သက်ဆိုင်ရာမှ အဆိုပါ ကုန်စုံဆိုင်နှင့် ပတ်ဝန်းကျင်အား ရှင်းလင်းစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သိမ်တန်းရပ်ကွက်ရှိ ဗီဒီယိုရုံတစ်ရုံ၌ ည ၈နာရီ မိနစ် ၂၀ တွင် မိုင်းတစ်လုံးပေါက်ကွဲခဲ့ပြီး ည ၈ နာရီခွဲတွင် မိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဗီဒီယိုရုံအတွင်း ဗီဒီယိုကြည့်နေသည့် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ သေဆုံးပြီး အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ဒဏ်ရာအသီးသီး (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းလုပ်ရပ်များကို အများပြည်သူတို့အနေဖြင့် ရှုံ့မုန်းလျက်ရှိနေကြကြောင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများအား ဝိုင်းဝန်းဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဆန္ဒပြင်းပြလျက်ရှိနေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ကြီးမြို့နယ်၌ နင်းမိုင်းတစ်လုံးပေါက်ကွဲ အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၁၂

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကျောက်တန်းကျေးရွာအနီး ဝါးတောစပ်၌ စက်တင်ဘာ ၁၀ရက် နံနက် ၇နာရီခန့်တွင် ကရင်ကျေးရွာနေ မောင်ဖိုးပြူး အပါအဝင် လေးဦးသည် မျှစ်ချိုးနေစဉ် သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ဖိုးပြူး၏ ညာခြေဖနောင့်အောက်ကွဲရှဒဏ်ရာ ရရှိခဲ့ကြောင်း၊ ဖိုးပြူးအား မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ပင်လယ်ပြင်တွင်လှိုင်းအသင့်အတင့်

ရန်ကုန် စက်တင်ဘာ ၁၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရန်ကုန်တိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့ပါသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(သပြေကုန်း)တွင် ၁ ဒသမ ၆၉ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ဝဒသမ ၃၉ လက်မ၊ လောင်းလုံမြို့တွင် ၇ဒသမ၁၃လက်မ၊ ထားဝယ်မြို့တွင် ၅ဒသမ၈၂လက်မ၊ ပြည်မြို့နှင့် ခရမ်းမြို့တို့တွင် ၄ဒသမ၆၈လက်မစီ၊ မြိတ်မြို့တွင် ၃ဒသမ၃၁လက်မ၊ ကိုကိုးကျွန်းမြို့တွင်၃ဒသမ၁၁လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၃ဒသမ၀၄လက်မ၊ ချောက်မြို့နှင့် သိမ်ဖြူမြို့တို့တွင် ၂ဒသမ၃၆လက်မစီနှင့် အောင်လံမြို့တွင် ၁ဒသမ၅၃လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာလ ၁၃ရက်ညနေထိ ခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်မည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စက်တင်ဘာလ တတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်
၃၄ဒသမ၅ ဒီဂရီစင်တီဂရိတ် (၉၄ဒီဂရီဖာရင်ဟိုက်) ၁၁-၉-၂၀၀၈

အနိမ့်ဆုံးအပူချိန်
၂၀ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၆၉ဒီဂရီဖာရင်ဟိုက်) ၁၂-၉-၂၀၀၈
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၁၂-၉-၂၀၀၈
နေပူသည့်နာရီပေါင်း ၇ဒသမ၀နာရီခန့် ၁၁-၉-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၂-၉-၂၀၀၈	၆၅မမ	၇၇မမ	၂၈မမ
	(၂ဒသမ၅၆လက်မ)	(၃ဒသမ၀၄လက်မ)	(၁ဒသမ၁၀လက်မ)
၁-၁-၂၀၀၈မှ	၂၁၄၇မမ	၂၄၃၅မမ	၂၈၅၃မမ
ယနေ့အထိ	(၈၄ဒသမ၅၃လက်မ)	(၉၅ဒသမ ၈၇လက်မ)	(၁၁၂ဒသမ ၃၂လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၁-၉-၂၀၀၈ ရက် ၁၅း၃၀နာရီတွင် အရှေ့ဘက်မှ တစ်နာရီ ငါးမိုင်နှုန်းတိုက်ခတ်သည်။

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၂

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၃၅စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာသို့ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၅၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈ စင်တီမီတာ (၃လက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်စင်တီမီတာ ၇၅၀ အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက်မြန်မာစံတော်ချိန် ၁၁နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၇၉ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၉စင်တီမီတာ (၄ လက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်စင်တီမီတာ ၈၇၀အောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဗုဒ္ဓဂယာ ဘုရားဖူးများအတွက် နှစ်စဉ် အကျိုးဆောင်ပေးနေသော-

စီးပွား/ကူးသန်းဝန်ကြီးဌာန(ငြိမ်း) ဦးအေးသိန်း စီစဉ်သည့်

"ရွှေဝင်း ဗုဒ္ဓဂယာ"

ဘုရားဖူးအဖွဲ့နှင့်ဆက်သွယ်၍ သံဝေဇနိယ လေးဌာနနှင့် အဝိဇဟိတ လေးဌာနများသို့ သံဝေဂယူရင်း အပါယ်တံခါးပိတ် ခရီးအဖြစ် ဘုရားဖူးသွားနိုင်ကြပါပြီ။

နိုဝင်ဘာလမှစတင်ပြီး (၁၈)ရက်(၁၇)ညနှင့် (၁၅)ရက်(၁၄) ည ခရီးစဉ်များ ရေးဆွဲထားပါသည်။

ဆက်သွယ်ရန်လိပ်စာ-

"ရွှေဝင်း" ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အမှတ်-၃၃၇/၃၃၉၊ မဟာဗန္ဓုလလမ်း၊ လမ်း(၄၀)ထောင့်၊

ဒုတိယထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၀၀-၄၅၉၇၊ ၀၉-၅၀၃-၇၁၃၆

၀၁-၂၄၅၁၈၇၊ ၀၁-၃၈၅၈၄၃၊ ၀၁-၂၅၃၉၃၈

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၉-၂၀၀၈ နှင့် ၁၃-၉-၂၀၀၈ နေ့များတွင် ကြေးမုံသတင်းစာပါ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏ အတန်းတင်စာမေးပွဲ ရက်ကြေညာစာ၏အပိုဒ် (က) (၃)ကို **၂၀-၁၀-၂၀၀၈** ရက်နေ့မှ **၃၁-၁၀-၂၀၀၈** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးဝင်းကြင် + ဒေါ်သန်းသန်းမြင့်

ဟာသီ

ကားမောင်းစက်ပြင်သင်တန်း

မ/ဒဂုံယာဉ်မောင်းသင်ကွင်း။ U-9 ကွက်။ ☎: 706862

သိမ်ဖြူအမောင်းသင်ကွင်း။ ☎: 298787, 201188

☎: 545155, 549764, 573986, 573988

ဓာတ်လမ်းကောင်းလေးတွေလွတ်မသွားစေဖို့

အင်ဗာတာ နဲ့ဆို OK!

လျှပ်စစ်ပစ္စည်းဆိုင်တိုင်းတွင် ဝယ်နိုင်ပါပြီ။

အရောင်းစင်တာ ။ အမှတ် ၁၁၂၊ လမ်း ၃၀ (အလယ်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အရောင်းပြခန်း ။ အမှတ်၂၅၉၊အနော်ရထာလမ်း၊၂၉-လမ်းနှင့်ရွှေဘုံသာလမ်းကြား၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း ။ ၃၈၄၁၈၆၊ ၃၈၄၄၆၀။

JOHN LWIN စီစဉ်သည့်

INTERNATIONAL Fashion & Wedding Extravaganza

ဝင်ကြေး အခမဲ့

DATE : 20 - 21 SEPTEMBER 2008

TIME : 10 . 00 am to 7 . 00 pm

VENUE : PARKROYAL (BALLROOM)

Stars & Models Int'l နာမည်ကြီးအနုပညာရှင်များမှ (၂၀) ရက်

မွန်းလွဲ (၂း၃၀) နာရီတွင် အမှတ်တရလက်မှတ် ရေးထိုးပေးပါမည်။

ဆိုင်ခန်းဖွင့်လှစ်လိုသူများ ၅၅၃၇၁၁၊ ၀၉၅၀၄၅၂၅၂ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

For more information www.starbizgroup.biz

PARKROYAL YANGON မှ WEDDING PACKAGE အထူးအစီအစဉ်

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း အမျိုးသား(၆၀)ကီလိုနှင့်အောက် အတန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (ဂျူဒိုအဖွဲ့ချုပ်)

ဖခင်အမည်မှန်

ပဲခူးမြို့ အထက(၃) တက္ကသိုလ်ဝင်တန်း(င)မှ မဆုငယ်သဇင်ကိုဦးနှင့် သတ္တမတန်း(င)မှ မောင်စိုးမိုးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်းချိုဦး [၇/ပခန(နိုင်)၁၄၅၁၆၁] ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသန်းလွင်၏ ယာဉ်အမှတ် ၆ခ/၈၈၁၈ Ni-Sunny P/U ၏ ပုံစံ(၁) အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **Ph -229387**

၂၀၀၈ ခုနှစ် ပဥ္စမအကြိမ်မြောက် Japan Cup ဂျူဒိုပြိုင်ပွဲ

ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၈ ခုနှစ် ပဥ္စမအကြိမ်မြောက် Japan Cup ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး(၅၇)ကီလိုနှင့်အောက် အတန်းပြိုင်ပွဲတွင် ပထမရရှိသော အေးအေးသင်း (အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)၊ ဒုတိယရရှိသော ဇင်မီမီသန်း (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)၊ ပူးတွဲတတိယရရှိကြသော သြလျှားဖောနှင့် အိဖြူစင်(အားကစားဝန်ကြီးဌာန)တို့အားလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ပထမအတွင်းဝန် Ms.Satoko Toku က အမျိုးသမီး(၆၃) ကီလိုနှင့်အောက်အတန်းပြိုင်ပွဲတွင် ပထမရရှိသော အေးအေးအောင် (ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဒုတိယရရှိသော သန္တာဝင်း (အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)၊ ပူးတွဲတတိယရရှိကြသော ဆွေဇင်ဦး (ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့် ခင်လပြည့်ဝန်း (အားကစားဝန်ကြီးဌာန)တို့အားလည်းကောင်း၊ တပ်မတော် ဂျူဒို-ကျွမ်းဘားကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အမှုဆောင် ဗိုလ်မှူးကြီးစန်းမြင့်ဦးက အမျိုးသား (၅၅)ကီလိုနှင့်အောက်အတန်းပြိုင်ပွဲတွင် ပထမရရှိသော ကပ်ကျင်းပေါင် (သစ်တောရေးရာဝန်ကြီးဌာန)၊ ဒုတိယရရှိသော အောင်စိုးမိုး(သစ်တောရေးရာ ဝန်ကြီးဌာန)၊ ပူးတွဲတတိယရရှိကြသော မောင်သူရ (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အောင်ထွန်းကျော် (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အမျိုးသား(၆၀)ကီလိုနှင့်အောက် အတန်းပြိုင်ပွဲတွင် ပထမရရှိသော ဝဏ္ဏထွန်း (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒုတိယရရှိသော ဟိန်းလတ်ဇော်(ရထားပို့ဆောင်ရေးဝန်ကြီးဌာန)၊ ပူးတွဲတတိယရရှိကြသော အေးမြင့်လွင် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် ရှိန်းဗိုလ်ဗိုလ်(ဆောက်လုပ်ရေးဝန်ကြီးဌာန) တို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်မြို့ရှိ Japanese Chamber of Commerce and Industry (JCCY)(Yangon) Vice President Mr. Fumihiro Yano က ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားဆုရရှိကြသော မအေးအေးအောင်(ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့် မောင်သူရဇော် (ကာကွယ်ရေးဝန်ကြီးဌာန)တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Yasuaki Nogawa က ဗိုလ်စွဲသွားသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဂျူဒိုအသင်းအား Japan Cup Judo Championship 2008, Trophy ဆုကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သားကြီးမင်းဟိန်းထက်အတွက်မွေးနေ့ဆုတောင်း

ချစ်သားလေး **မင်းဟိန်းထက်** ရဲ့ စက်တင်ဘာလတွင် ကျရောက်သော (၄)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ထူးချွန်လိမ္မာတတ်သိသော သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

နှစ်ဖက်သော - ဘိုးဘိုး။ အဘိုးရှင်-အဘောင်ရှင်နှင့်
ချစ်ပါပါ - ဗိုလ်ကြီးအောင်မိုးဇော်[B.Sc, D.S.A(တပ်မတော်-လေ)]
ချစ်မေမေ - ဒေါ်မြအေးခိုင် [B.Sc,(Chem;), M.Sc(Engg-Chem), CET(5)]
ချစ်ကြီးကြီး - ဗိုလ်ကြီးသန့်ဇင်-ဒေါ်ဝါဝါရွှေ [B.Sc(Chem;),D.C.Sc]
ကိုကို - ချစ်မင်းကို (Grade lll၊ အလက-၄၊ မင်္ဂလာဒုံ)
ညီညီ - ချစ်မင်းခန့်
ချစ်အန်တီငယ်- ချိုသဲ [B.A(Law)]

The VOICE Weekly Vol.4, No. 47 ထွက်ပြီ

◆ ဝန်ကြီးများရုံးကို ပြတိုက်အသွင်ပြောင်းဖို့ ကမ်းလှမ်းသူ၊
◆ နိုင်ငံခြားငွေ တရားဝင်ကိုင်ဆောင်ခွင့် နှစ်လအတွင်းရယူနိုင်ပြီ၊
◆ လူကြိုက်များတဲ့ကားတွေ ဈေးစပြိုပြီ၊
◆ ၃၇လမ်း အခွန်ဦးစီးမှူးအသတ်ခံရမှုနဲ့ လိုင်သာယာလူသတ်တရားခံတွေမိပြီ၊
◆ စင်းလုံးငှားကားနဲ့ ရန်ကုန်မြို့တွင်း ဆိုင်ကယ်တွေ လုညှိုးတဲ့အဖွဲ့၊
◆ လုံးချောနဲ့ ထိုးသတ်ဖို့ စိန်ခေါ်သူ ဂျပန်လက်ဝှေ့သမား၊
◆ စင်ကာပူမှာ အလုပ်ရှားချိန်နဲ့ အလုပ်ပေါချိန်၊
◆ လောလောဆယ် စင်ကာပူက အခေါ်များနေတဲ့ အလုပ်အမျိုးအစား၊
◆ မန္တလေးတက္ကသိုလ် ရွှေရတုသဘင်ပွဲတော် ကျင်းပမည့်ရက်၊
◆ မန္တလေးမှာ တစ်ပတ်တိတိ အရောင်းအဝယ်ရပ်နားလိုက်တဲ့ဈေးကွက်၊
◆ ဒေါက်တာအောင်ထွန်းသက်ရဲ့ ဟောပြောပွဲအတွေ့အကြုံ၊
◆ မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်မားလာတဲ့ အရှေ့အာရှနဲ့ အရှေ့တောင်အာရှဒေသ၊
◆ ရာနှုန်းများများယုံကြည်ရတဲ့ The Voice Sport ကဏ္ဍ၊
◆ ကင်ဂျုံအီ မတက်ရောက်နိုင်တဲ့ မြောက်ကိုရီးယားအမျိုးသားနေ့၊
◆ အမေရိကန် ရီပတ်ဘလီကန်ပါတီ ဒုတိယသမ္မတလောင်း ဘယ်ကလာတာလဲ၊
◆ ကချေသည် စုနှစ်ထောင်ချော်ပြေရတဲ့ မွေးနေ့ပွဲ၊

အမြန်ရောင်းမည်

၁။ညောင်ပင်လေးဈေး ပလာဇာဆိုင်ခန်း
ကမ်းနားလမ်းဘက်ခြမ်း အပြင်တန်း
၂။ညောင်ပင်လေးဈေးပလာဇာ (C)ဆောင်၊ ၇-လွှာ
၃။ညောင်ပင်လေးဈေးပလာဇာ (B)ဆောင်၊ ၈-လွှာ
၄။အလုံ ၊ သိပ္ပံလမ်း (လုံးချင်း)
၅။အေးရိပ်မွန် (လုံးချင်း)
၆။ဓမ္မစေတီလမ်းမပေါ်
ဖုန်း - ၅၁၈၃၁၁၊၀၉-၅၀၅၂၁၀၁၊၀၉-၅၁၅၂၃၀၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း။ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း။ တိုက်နံပါတ်- ၂၆(စီ) ဟုခေါ်တွင်သောတိုက်၏ မြေညီထပ်၊ ဟောင်ကောင်နစ်လွှာအား အပြီးအပိုင်ဝယ်ယူရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို (၇) ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဆောင်ဆောင်ဇော်
၁၂/ဥကမ(နိုင်)၀၂၈၀၄၄
၁၂၅/၁၂၉(ရ) ချားဗိုလ်ချုပ်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(1) **Sales Promoter** ကျား/မ (၂၀)ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက် (၂၅)နှစ်အောက်ဖြစ်ရမည်။

(2) **Sales Representative** ကျား (၂၀)ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၀)အောက်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
ပုသိမ်၊ ပြည်၊ မကွေး၊ မော်လမြိုင်၊ တောင်ကြီးစသည့် မြို့များတွင် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ခြင်းကြောင့် ၎င်းမြို့များတွင် နေထိုင်သူကို ဦးစားပေးမည်။ စိတ်ဝင်စားသူများ လျှောက်လွှာပုံစံများကို စာတိုက်မှတစ်ဆင့် အောက်ပါလိပ်စာသို့ ပေးပို့နိုင်ပါသည်။

(3) **Sales Team Leader** ကျား (၁၀)ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၂)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိပြီး စီမံခန့်ခွဲနိုင်စွမ်းရှိရမည်။ နယ်ခရီးသွားနိုင်ရမည်။

(4) **Sales Supervisor** ကျား (၅)ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။ စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိပြီး နယ်ခရီး လစဉ်မပျက်သွားနိုင်ရမည်။

(5) **Driver** ကျား (၁၀)ဦး
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး 'ခ' (သို့) 'ဃ' လိုင်စင်ရှိရမည်။ အသက်(၃၈)နှစ်အောက်၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၃)နှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီး အတွေ့အကြုံရှိရမည်။

(6) **စက်ပြင်** ကျား (၅)ဦး
အင်ဂျင်ချနိုင်သည်အထိ ကျွမ်းကျင်ရမည်။ အသက် (၅၀)နှစ်အောက် ဖြစ်ရမည်။

* **အမှတ်စဉ်အားလုံးအတွက် သွက်လက်တက်ကြွ၍ အကျင့်စာရိတ္တ အထူးကောင်းမွန်ရမည်။ (လစာကောင်းမည်။)**

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်း ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ဓာတ်ပုံ (၂)ပုံ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ မိတ္တူများနှင့်တကွ **Harvest Enterprise Co.,Ltd.အမှတ်(၅၂၀)၊ (၇)လွှာ၊ Excel Treasure Tower၊ ကမ္ဘာအေးစေတီလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်** သို့ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

သက်ရှိလောက တည်မြဲဖို့
သဘာဝတောတွေထိန်းသိမ်းစို့

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကျွန်းစုမြို့နယ် ကဏန်းကျွန်း ကောင်းကောင်းမွေးမြူရေး ကုမ္ပဏီလီမိတက်၏ ဒေါင်းကူးမော် ကဏန်းမွေးမြူရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကဏန်းကျွန်းရှိ ကဏန်းမွေးမြူရေးစခန်းနှင့် မြိတ်မြို့ရှိ ငါး၊ ပုစွန် အအေးခန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ပန်းလုံးအော်ကျွန်း၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၇ ရက်တွင် ပန်းလုံးအော်ကျွန်းရှိ ကျော်ကျော်ဖြိုးကုမ္ပဏီ၏ တစ်နေ့တန် ၅၀ ကျ ရေခဲစက်၊ တန် ၁၀၀ ဆံ့ အအေးခန်းစက်ရုံနှင့် အရည်အသွေးပြည့်မီသည့် ငါးပုစွန်များအား အမျိုးအစားခွဲခြားပြီး အအေးခန်း၌ အအေးခံထားရှိပြီးသည့် ငါးပုစွန်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ပန်းလုံးအော်ကျွန်းမှ အမြန်ရေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၈ နာရီခွဲတွင် ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စု သဲချောင်းကျေးရွာသို့ ရောက်ရှိ၍ နေအိမ်၊ ဈေးဆိုင်များနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်းကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာရှိ အမှတ်(၇၀) အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကာ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲**

တုံ့ပြန်မှု

ဒီမိုကရေစီ၊ နှုတ်ကမြည်လည်း
ကြံစည်တွေးရူ၊ လုပ်ဆောင်မှုကား
ပြည်သူ့ဝမ်းစာ၊ ပျက်စီးပါအောင်
ပြည်သူ့အိမ်ရာ၊ ခြောက်သွေ့ပါအောင်
ပိတ်ကာဆို့ကာ၊ တားဆီးပါသော်
မြန်မာပြည်သူ၊ မကြည်ဖြူဘဲ
အရေးယူဒဏ်ခတ်လိမ့်မည်တကား။ ။

စိုးမိုးကျော်(နေပြည်တော်ပျဉ်းမနား)

ထူးထူးခြားခြား ရှာရှာဖွေဖွေ

အာကာသအတွင်း ရှင်သန်နိုင်စွမ်းရှိသည့် ထူးထူးခြားခြားသတ္တဝါကလေးများ ရှာဖွေတွေ့ရှိ

ဝါရှင်တန် စက်တင်ဘာ ၁၂

ရေဝက်ဝံခေါ် ပိုးမွှားသတ္တဝါကလေးများသည် ဓာတ်ရောင်ခြည်များ ဖြာထွက်လျက်ရှိသည့် လဟာနယ်အာကာသအတွင်း ရှင်သန်နိုင်စွမ်းရှိသည့် ကမ္ဘာပေါ်မှ ပထမဆုံး တိရစ္ဆာန်လေးများဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု မျက်မှောက်ဇီဝဗေဒဂျာနယ်က စက်တင်ဘာ ၉ ရက်တွင် ဖော်ပြလိုက်သည်။

အာကာသအတွင်း အသက်ရှင်နေနိုင်သည့် ရေဝက်ဝံခေါ် အဏုဇီဝပိုးတစ်ကောင်ကို ပုံကြီးချဲ့ပြထားသည်ကို တွေ့ရစဉ်။

လွန်ခဲ့သည့် တစ်နှစ်ခန့်က ဆွီဒင်နိုင်ငံ ကရီစတီန်းစတက်တက္ကသိုလ်မှ ဂေဟဗေဒပညာရှင် အင်ဂျီမာဂျွန်ဆွန်သည် အဏုဇီဝပိုးမွှားများဖြစ်သည့် ရေဝက်ဝံ ၃၀၀၀ ကို ၁၂ ရက်ကြာ အာကာသခရီးစဉ်အတွင်းထည့်သွင်းစမ်းသပ်ခဲ့ရာ ၎င်းရေဝက်ဝံကလေးများ အာကာသအတွင်း ရှင်သန်နိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

စီးပွားဖြစ် စက်မှုကုန်ကြမ်း ရော်ဘာပင်များအား နမူနာပြကွန်တိုလိုင်းများဖော်၍ စိုက်ပျိုးထားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကျော်သူရ)



ရာသီဥတုပြောင်းလဲမှုကို ကာကွယ်မည့် နှစ်ရှည်ပင်

သတင်းဆောင်းပါး၊ ဓာတ်ပုံ-ကျော်သူရ

ရန်ကုန် စက်တင်ဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသသည် ရှေးယခင်က သစ်တောသစ်ပင်များ ဖုံးလွှမ်းလျက် အလွန်အေးမြသည့် ပြည်နယ်ဖြစ်သည်။ နောက်ပိုင်းကာလများတွင် သစ်တောပြုန်းတီးခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းတို့ကြောင့် ဒေသရာသီဥတုအနေအထားပါ ပြောင်းလဲလာခဲ့ပြီး ပူနွေးမှုများရှိလာသည်။ ထို့ကြောင့် သစ်တောပြုန်းတီး၍ ရာသီဥတုပြောင်းလဲလာမှုကို ကာကွယ်နိုင်ရန် နှစ်ရှည်ပင်များ စိုက်ပျိုးရေးလုပ်ငန်းကို နိုင်ငံတော်က စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေရန်နှင့် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ရန် ဒေသနှင့်သင့်လျော်မည့် စီးပွားဖြစ် စက်မှုကုန်ကြမ်းရော်ဘာပင်ကို စမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုအခါ အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရော်ဘာပင်ကို ၁၉၉၆ ခုနှစ်မှစ၍ နှစ်စဉ် တိုးတက်စိုက်ပျိုးခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**